# “ကလေးများထံမှသင်ယူခြင်း”

## LEADING FROM CHILDREN

## (Paul Welter)

## ပြန်လည်ဆန်းသစ်သောဖြစ်စဉ်

နွေရာသီ၏ နွေးထွေးသောတစ်ရက်တွင် ဖြစ်ပါသည်။ ကျွန်ုပ်သည် ခရီးရှည်တစ်ခုမှ ပြန်ရောက်လာပြီး မောပန်းလွန်းသဖြင့် အိမ်ရှေ့ဆင်ဝင်ရှိလှေကားထစ်တွင် ထိုင်နေလျက်ရှိပါသည်။ အသက် ၂နှစ်သား ကျွန်ုပ်၏မြေးကလေး ဒေးဗစ် (David) က အိမ်ရှေ့တွင်ကစားနေပါသည်။ ကျွန်ုပ်၏ ဇနီး လီလီယံ (Lillian) က မြက်ခင်းကို ရေဖျန်းရန်အတွက် ရေပိုက်ခေါင်းကို ဆင်နေပါသည်။ ဒေးဗစ်က ရေများပန်းထွက်ရာ ဇရိယာတစ်ဝိုက်ကို ပတ်၍ပြေးရင်းက “ဖိုးဖိုး ဖိနပ်ချွတ်လေ” ဟု အော်ပြောလိုက်သည်။

ကျွန်ုပ်က “ကျေးဇူးပါပဲ ဒေးဗစ်ရေ၊ ဖိုးဖိုးမချွတ်ပါရစေနဲ့။ ဒီမှာပဲ ထိုင်ကြည့်နေပါ့မယ်” ဟုပြန်ပြောလိုက်ရသည်။ ခဏကြာသောအခါ လီလီယံပါ ဒေးဗစ်နှင့်အတူ ရေထဲတွင်ပြေးနေပါတော့သည်။ ဒေးဗစ်က ကျွန်ုပ်ကို လှမ်းခေါ်ပြန်ပါသည်။ နောက်ဆုံးတွင်မူ ကျွန်ုပ်လည်း ဖိနပ်ကိုချွတ် ခြေအိတ်ကိုချွတ်ပြီး ဘောင်းဘီအောက်ခြေနားကို လိပ်တင်ကာ လေးကန်စွာ ထွက်ခဲ့ရပါတော့သည်။ဒေးဗစ်ကကျွန်ုပ်၏ လက်ကိုတွဲပြီး ၃ဦးစားရေထဲတွင် ပြေးကြပါသည်။ ကျွန်ုပ်အနည်းငယ် ပျော်ရွှင်စပြုလာပါသည်။ ကျွန်ုပ်တို့သည် ပြေးရင်းခုန်၍ခုန်၍ အော်ဟစ်ကြပါသည်။ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုပြန်၍ ငယ်သွားသည်ဟု ထင်လာမိပါသည်။ အိမ်ဘေးမှာ ကလေးနှစ်ဦးကလည်း သူတို့အားခေါ်လေမလား ဟူသောအကြည့်ဖြင့် စောင့်ကြည့်နေကြပါသည်။ သူတို့ကိုလာရန် ကျွန်ုပ်ကအချက်ပြလိုက်သောအခါ ကျွန်ုပ်တို့ဆီသို့ ပြေးလာကာ အားလုံးပေါင်း ၅ဦးသား ရေထဲတွင် ပြေးလွှားခုန်ပေါက်ကာ သံပြိုင်အော်ဟစ်နေကြပါတော့သည်။

ကလေးငယ် လေးတစ်ဦးက ကျွန်ုပ်အားပြန်၍ ခုန်ပေါက်ကစားရန် သင်ကြားပေးခဲ့ပါသည်။ ခုန်ပေါက်ခြင်းနှင့်အတူ နှစ်ခြိုက်ပျော်ရွှင်မှုကို စစ်မှန်စွာခံစား ခဲ့ရပါသည်။ သို့စဉ်မှာပင် ကမ္ဘာပေါ်ရှိ ခုန်ပေါက်ပြေးလွှား ကစားခြင်းမပြုနိုင်ရှာကြသော မသန်မစွမ်းကလေးငယ်များအတွက် ကျွန်ုပ်ဝမ်းနည်းခြင်း ဖြစ်ခဲ့ရပါသည်။ အလားတူစွာပင် ကမ္ဘာပေါ်ရှိလူကြီးများအားလုံး (ကျွန်ုပ်အပါအဝင်) ခုန်ပေါက်နိုင်ကြပါသည်။ မခုန်ပေါက် မကစားကြခြင်းကိုလည်း စိတ်မကောင်းဖြစ်မိ လိုက်ပါသေးသည်။

## ကလေးငယ်များ ကျွန်ုပ်တို့၏စိတ်ခါတ်ရေးရာဆရာများ

ကလေးများတွင် သူတို့၏မေးခွန်းများ၊ အဖြေများ၊ သူတို့ဘဝများဖြင့် ကျွန်ုပ်တို့အား သင်ကြားပေးစရာများစွာ ရှိကြပါသည်။ ကျွန်ုပ်တို့၏ စိတ်ဓါတ်ရေးရာရင့်သန်မှုအတွက် အရင်းအမြစ်ပုဂ္ဂိုလ်များအဖြစ် သူတို့ကို ကျွန်ုပ်တို့ မည်သို့အသုံးချကြသနည်း။ ယင်းကား ကျွန်ုပ်တို့ကြိုးစားဖြေဆိုရန် အဖြေရှာရမည့် မေးခွန်းပင်တည်း။

ပထမအဆင့်အနေဖြင့် ကလေးများကို ဆရာအဖြစ် ရှုမြင်ခြင်းသည် သူတို့၏မျက်လုံး အနေအထားနှင့် တစ်တန်းတည်း (သူတို့အမြင်နှင့်အတူ) သို့မဟုတ် ထိုထက်နိမ့်အောင် လျှော့ချမှသာ သူတို့ကို မော်ကြည့်နိုင်မည် (သူတို့အမြင်ကို မျှော်ကြည့်နိုင်မည်) နောက်တစ်ဆင့်မှာ သူတို့နှင့်အတူတူ တစ်ခုခုဆောင်ရွက်ရန် ဖြစ်သည်။

တစ်နေ့တာ အသံကျယ်ကျယ်ဖတ်ပြပြီးသည်၏နောက်တွင် လီလီယံက “ဖွားဖွား ဖတ်ပြရတာ အရမ်းပင်ပန်းနေပြီ။ အသံကုန်နေပြီ။ နောက်ထပ်ဖတ်နိုင်မှာ မဟုတ်တော့ဘူး” ဟု မောပန်းစွာပြောသောအခါ ယခုတိုင် မနက် ၁၁နာရီမှ အိပ်ရာထလေ့ရှိသော ကျွန်ုပ်၏၃နှစ်အရွယ် ရှိပြီဖြစ်သော မြေးငယ်ဒေးဗစ်က အဖွားဖြင့်သူ၏ ပင်ပန်းမှုကို မျှဝေတတ်သည်။ “သားသား အသံလည်းကုန်နေပြီ။ သားသားကတော့ ဖွားဖါးကို ချစ်တယ်လို့ပဲ ပြောနိုင်တော့တယ်” ဟူသတည်း။

ခရစ်တော်သည် ကလေးငယ်များအား တပည့်သားအဖြစ်မျှသာ ဖော်ပြခြင်းမပြုခဲ့ပါ။ သူတို့၏ အဝန်းအဝိုင်းထဲသို့ တစ်ခုခု ကို သွတ်သွင်းပေးထားပါသည်။ ယင်းကား ကျွန်ုပ်တို့သာ သူတို့ထံမှ သင်ယူတတ်လျှင် ကလေးများတည်ရှိနေခြင်းသည် အရေးကြီးသည် ဟူသောအချက်ကို ရည်ညွှန်းခြင်းပေတည်း။

## အဖြစ်အပျက်များ – မပင်ပန်းဘဲ လေ့လာသင်ယူနိုင်သောနည်းလမ်း

လူကြီးများသည် ကလေးများထံမှ မည်မျှသင်ယူနိုင်သည်ဆိုခြင်းနှင့် ပတ်သက်သော အဖြစ်အပျက်များကို ဆက်စပ်ပေးသွားပါမည်။ ပုံဝတ္ထု/ဇတ်ကြောင်းပြောခြင်းသည် သင်ယူခြင်း သင်ကြားခြင်းနည်းလမ်းတစ်ခု ဖြစ်ပါသည်။ အဖြစ်အပျက်တစ်ခုဖြင့် ကျွန်ုပ်တို့သင်ယူရန် အံ့ဩကောင်းအံ့ဩကြပါလိမ့်မည်။

**လူကြီးများသည် ကလေးများထံမှ မည်သို့သင်ယူသနည်း။** အောက်တွင်ဖော်ပြသည့် အဖြစ်အပျက်များကို သင်ဖတ်သော အခါ လူကြီးများမည်သို့ သင်ယူသည်ကို ညွှန်းဆိုသည့်အချက်များကို မှတ်သားထားနိုင်ပါသည်။

၁။ ကလေးငယ်များသည် လူကြီးများအား အမြင်ကျယ်ပြန့်စေသည့် စိတ်လှုပ်ရှားမှု အထွတ်အထိပ် အခိုက်အတန့်တစ်ခုကို ဖန်တီးပေးနိုင်ကြသည်။ အဆိုပါ အမြင်က လောကကြီးကို ပိုမိုနက်နဲစွာ ကျယ်ပြန့်စွာ အမြော်အမြင်ရှိစွာ ရှုမြင်နိုင်စေသည်။

၂။ ကလေးငယ်တစ်ဦးကြောင့် အမှတ်တရအသစ်တစ်ခု စဉ်းစားဆင်ခြင်နိုင်စေခြင်းကို လူကြီးများပင် ထိတ်လန့်အံ့သြကြရသည်။

၃။ ရိုးသားမှု အလိုအလျောက်ဖြစ်မှုနှင့် ချစ်ခြင်းမေတ္တာကို ထုတ်ဖော်မှုတို့ ကဲ့သို့သော အချို့နေရာများတွင် လူကြီးများလိုက်နာရမည့် နမူနာအဖြစ် ကလေးများက ပြသကြသည်။

၄။ ကလေးတစ်ဦးက လူကြီးတစ်ဦးအား ကစားရန်လှုံ့ဆော်ခြင်းဖြင့် လူကြီးတွင် စိတ်ပျော်ရွှင်မှုရရှိလာပြီး ဘဝ၏နည်းလမ်းသစ်တစ်ရပ်ကိုလေ့လာသင်ယူ လာနိုင်သည်။

၅။ လူကြီးတစ်ဦးသည် ကလေးတစ်ဦးက ချစ်ခင်နှစ်သက်ခြင်းခံရသဖြင့် ထိုကလေးငယ်အား စောင့်ရှောက်ရမည်။ တန်ဖိုးရှိသည်ဟူသော ထိုးထွင်းသိမြင်စိတ်ကို ရရှိလာစေသည်။

အဖြစ်အပျက်များ/ဇာတ်လမ်းများသည် ကလေးငယ်များ၏ အပြုသဘောဆောင်သော အလားအလာကောင်းသော စရိုက်လက္ခဏာများကို အလေးပေး မီးမောင်းထိုးပြထားပါသည်။ ကလေးများတွင် ဆန့်ကျင်ဘက်သဘောဆောင်သည့်အချက်ကို ဖြည့်စွက်ခြင်းမရှိဘဲကလေးများအား ပြဿနာများအဖြစ် ဖော်ပြကြသောအချက်များစွာ ရှိကြပါသည်။ ခရစ်တော်က ကျွန်ုပ်တို့အား သွန်သင်ဆုံးမရာတွင် ကလေးငယ်များတွင်ရှိသော အပြုသဘောဆောင်သည့် စရိုက်လက္ခဏာများကို ပမာထားရန် ပြောဆိုခဲ့ပါသည်။

**လွတ်လပ်စွာမွေးဖွားခြင်း။** ကလေးများသည် ကောင်းကင်ဘုံသို့ ဝင်ရောက်ရန် လိုအပ်သော ဂုဏ်သတ္တိများကို စံပြုလေ့ရှိကြသည်ဟု ခရစ်တော်က မိန့်ကြားခဲ့သည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ အစောပိုင်းဘဝတွင် ဖိစီးထားသော ယဉ်ကျေးမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် ပုဂ္ဂိုလ်ရေးအာဃာတ တရားများမှ ကင်းလွတ်စွာမွေးဖွားလာကြသူများ ဖြစ်သည်။ လောကကြီးတွင် ကျွန်ုပ်တို့ကိုယ်တိုင်ကို အခြားသူများနှင့် ရိုးသားမှုနည်းခြင်း၊ အပျက်သဘောရှုမြင်မှုနည်းခြင်း စသည်တို့ကို နှိုင်းယှဉ်ရန် သင်ကြားခဲ့ကြရသည်။ တကယ်တော့ ကျွန်ုပ်တို့အနေဖြင့် တဖြည်းဖြည်းညှိုးဖျင်းလာကြသည်။ ကလေးငယ်များသည် ၎င်းတို့၏ ကလေးပီပီရိုးသားဖြူစင်မှု မည်သည့်အခါတွင် ပျောက်ဆုံးစပြုပါသနည်း။ အချို့ကလေးများသည် ၂နှစ်အရွယ်ဝင်ကာ စတွင်ပင်ပျောက်ဆုံးစပြုသည်ဟု ကျွန်ုပ်ယူဆမိပါသည်။ အချို့ကလေးများသည် ၎င်းတို့၏ ကလေးငယ်သဖွယ် ရိုးသားဖြူစင်မှုကို ကလေးကြီးဘဝနှင့် ပျိုဖော်ဝင်စအရွယ်အထိ ထိန်းသိမ်းထားနိုင်ကြသည်။ အချို့မှာမူ အဆိုပါ အရည်အသွေးများကို မည်သည့်အခါမျှ အဆုံးရှုံးမခံကြပါ။ ကလေးများကဲ့သို့ ရိုးသားဖြူစင်သော အလိုအလျောက် ရယ်မောတတ်သော ရင်းနှီးတတ်သော အကောင်းမြင်တတ်သော ချစ်မြတ်နိုးတတ်သော အတ္တိရှိပြီး ဖန်တီးတီထွင်တတ်သော အသက်၉၀ ဝန်းကျင်ပုဂ္ဂိုလ် ၃ဦးကိုသာ ကျွန်ုပ်တွေ့ခဲ့ဖူးပါသည်။

## ကျွန်ုပ်တို့အား ယုံကြည်မှုကို သင်ကြားပေးသော ကျွန်ုပ်တို့ဝန်းကျင်ရှိကလေးများ

တိုင်းထွာရန်မလိုအပ်ခြင်း။ ကန်ဆက် (Kansas) မွေးမြူရေးခြံတွင် ကြီးပြင်းလာရသော ကျွန်ုပ်အဖို့ ဖေဖေက ကျွန်ုပ်၏အရပ်ကို အချိန်မှန်တိုင်းတာသောအခါများတွင် ကျွန်ုပ်သဘောကျလေ့ရှိသည်။ ဖေဖေက ကိုက်တံတစ်ချောင်းကို ကျွန်ုပ်၏ ဦးခေါင်းအထိ အလျားလိုက်ကိုင်ဆောင်ကာ ကြောင်အိမ်ဟောင်းကြီးတစ်လုံးတွင် မှတ်သားထားသည်။ ထိုနောက် ထိုကိုက်တံဖြင့် ကျွန်ုပ်၏ခြေထောက်နင်းထားရာ ကြမ်းပြင်မှ မှတ်သားထားသည့် အမှတ်အထိ မည်မျှကွာဝေးသည်ကို တိုင်းတာလေ့ရှိသည်။ ထိုသို့တိုင်းသည့်အခါတိုင်း ကျွန်ုပ်၏ ကျောရိုးကို ဆန့်နိုင်သမျှ ဆန့်ထုတ်မိသည်ကို သတိထားရသေးသည်။ ကျွန်ုပ်၏အစ်ကိုကို ကျွန်ုပ်မီချင်သည်။ သူ့လောက်အရပ်ရှည်ချင်သည်။ သို့သော် ထိုသို့ဆန့်ထုတ်ရခြင်းကား ကျွန်ုပ်၏ အရပ်အစစ်အမှန်ရဖို့ ခက်ပေသည်။ နောက်တပ်တိုင်းသည့်အခါ အရင်ကထက်ပို၍ အရပ်ရှည်လာကြောင်း ပြချင်သဖြင့် ပို၍ဆန့်ထုတ်ရပေဦးမည်။ အရပ်တိုင်းသည့်အခါတိုင်း ကျွန်ုပ်ဘယ်တော့မှ စိတ်အေးဆေးမှု မရရှိခဲ့ပါ။

ထိုသို့ တစ်ခါတစ်ရံ တိုင်းတာခံရခြင်းမှုကား ရယ်စရာတော့ကောင်းပါသည်။ သို့သော် ထိုသို့သောအနေအထားဖြင့် နာရီများစွာ၊ နေ့များစွာ၊ နှစ်များစွာ သို့မဟုတ် ဘဝတစ်လျှောက်လုံး အတိုင်းခံရမည်ဆိုပါက ကျွန်ုပ်မည်မျှ ရင်မောရမည်နည်းဟု မကြာခင် ကလေးကမှ စဉ်းစားကြည့်မိခဲ့သည်။ ကျွန်ုပ်အသက် ၅၄နှစ်တာကာလအတွင်း ထိုသို့ကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ခြင်းကိုလည်း သတိပြုခဲ့မိရပါသည်။

ကလေးငယ်များသည် ထိုသို့သော အတိုင်းတာခံရခြင်းမျိုးမှ လွတ်ကင်းစွာနေကြရသည်။ ကျွန်ုပ်တို့၏ အတွင်းစိတ်က ထိုသို့သောလွတ်လပ်မှုမျိုးကို ပြန်လည်ရယူလိုကြသည်။ ထိုပျောက်ဆုံးမှုကို အခြေပြု၍ စိတ်ပညာရှင် မက်စ်ဝါသီမာ (Max Wertheimer) က လူကြီးတစ်ဦးအား "အခြေအနေဆိုးရွားသော ကလေးတစ်ဦး" ဟုအမိပ္ပါယ်ဖွင့်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

ကလေးငယ်များသည် လွတ်လပ်သော သဘာဝစိတ်အတိုင်း ဖြစ်ကြသော်လည်း ထိုအရည်အသွေးများသည် တာရှည်မခံကြပါ။ သူတို့အနည်းငယ် အသက်ကြီးလာသောအခါ ကျွန်ုပ်တို့ကဲ့သို့ပင် အကို အစ်မ သို့မဟုတ် သူငယ်ချင်းတစ်ဦးနှင့် သူတို့ကိုယ်သူတို့ နှိုင်းယှဉ်စပြုလာကြသည်။

ကလေးငယ်လေးတစ်ဦးနှင့် တူညီလာသည့် ဖြစ်စဉ်တွင်မည်သည့်အရာ ပါဝင်ပတ်သက်နေပါသနည်း။

၁။ သန့်ရှင်းသော ဝိညာဉ်တော်၏ စွမ်းအားအပေါ်မှီခိုအားထားခြင်း

၂။ အခြားသူများနှင့် နှိုင်းယှဉ်လိုစိတ်ကို ကျွန်ုပ်တို့ကိုယ်တိုင်တွန်းလှန်ခြင်း

၃။ ဘေးအန္တရာယ်ဖြစ်လွယ်မှုအသစ်တစ်ခုသည် ကြောက်မက်ဖွယ်ကောင်းနေသည့်တိုင် ကျွန်ုပ်တို့ ဝန်းကျင်ရှိလူများနှင့် ကျွန်ုပ်တို့ကိုယ်တိုင်က ပွင့်လင်းမှုရှိခြင်း၊

၄။ ကလေးငယ်များနှင့်အတူရှိခြင်း၊ သူတို့ထံမှသင်ယူခြင်း

အဆိုပါ အကြံပြုချက်များသည် ပြည့်စုံမှုမရှိသေးသော တစ်ပိုင်းတစ်စ လမ်းညွှန်မှုမျှသာ ဖြစ်ပါသည်။ သင်ဖတ်ရသော အဖြစ်အပျက်/ဇာတ်လမ်းတိုင်းက ကလေးငယ်တစ်ဦး၏ ဘဝတွင် တွေ့မြင်နိုင်သော နှိမ့်ချမှုနှင့် အခြားအရည်အသွေးတို့၏ အဆုံးအစမရှိသောပုံစံသစ် အမျိုးမျိုးကို ဆန်းသစ်ရှုမြင်နိုင်သော ပန်းစကြာမှန်ပြောင်းတစ်ခုသဖွယ် အသုံးတော်ခံပါလိမ့်မည်။

ကောလိပ်ကျောင်းသူတစ်ဦးက သူ၏ညီမငယ်အကြောင်းကို ဤသို့ပြောပြခဲ့သည်။

ကျွန်မညီကလေးက ၇နှစ်ရှိပါပြီ။ မကြာခင်က မိန်းကလေးကင်းထောက်အသင်း ရန်ပုံငွေအဖြစ် သူမနှင့်အတူလိုက်၍ ရပ်ကွက်အတွင်းရှိအိမ်နီးချင်းများအား ကွတ်ကီးရောင်းပေးရန် ပြောခဲ့ပါသည်။ ကျွန်မတို့၏ အိမ်နှင့်ကပ်လျက်ရှိသော အိမ်နီးချင်းကိုပင် ကျွန်မမသိသော်လည်း ညီမလေးကမူ ရပ်ကွက်အတွင်းရှိ မိသားစုတိုင်းကို သိရှိနေခြင်းအား ကျွန်မအံ့သြခဲ့ရပါသည်။ လူကြီးများက သူတို့အားလူများမြင်သို့ ထင်မြင်ယူဆမည်ကို တွေး၍ပူပန်နေကြသဖြင့် ရပ်ကွက်အတွင်းရှိလူများ၏ လူနေမှုဘဝကို မည်သည့်အခါမျှ မသိနိုင်လင့်ကစား၊ ကလေးများမှာမူ ရပ်ကွက်အတွင်း အတားအဆီးမရှိသွားလာပြီး လူများနှင့် စကားပြောလေ့ရှိပါသည်။ အကြောင်းမူကား သူတို့ကလေးအချင်း အတူတကွ စကားခွင့်ရှိကြသောကြောင့် ဤသို့လှည့်ပတ်သွားလာနိုင်ကြခြင်း ဖြစ်ပါသည်။ အကယ်၍ လူကြီးများသည်လည်း ကလေးများကဲ့သို့ ပွင့်လင်းပြီး ရင်းနှီးဖော်ရွေကြလျှင်မူကား ......... ။

သင်တန်းသား ကျောင်းဆရာတစ်ဦးကလည်း ဤသို့ဖေါက်သည်ချပါသည်။

"ကျွန်တော်တို့ရဲ့ စာသင်ခန်းတစ်ခုကို စပြီးလေ့လာခဲ့ရတဲ့ ပထမဆုံးအတွေ့အကြုံမှာ လူတစ်ယောက် စိတ်သက်သာရာရအောင် ဘယ်လိုပြောပြီး ဘယ်လိုလုပ်ရမယ်ဆိုတာကို နားလည်သဘောပေါက်တဲ့ ယောကျ်ားကလေးတစ်ယောက်ကို တွေ့ခဲ့ဖူးပါတယ်။ ကျွန်တော်စာသင်ခန်းကိုရောက်တာ တစ်နာရီလောက်ပဲရှိသေးတယ်။ သူက ကျွန်တော့်ဆီကိုလာပြီး ကျွန်တော့်ကိုဖက်ကာ "ဆရာ့ကို ကျွန်တော်ချစ်ပါတယ်" လို့ပြောပြပါတယ်။

ကလေးများက သင့်အားစီရင်ဆုံးဖြတ်ခြင်း မပြုတတ်ကြပါ။

သင်ကသာ သူတို့ကိုသဘောကျလျှင် သူတို့ကလည်း သင့်ကို ခင်မင်ရင်းနှီး တတ်ကြပါသည်။ ? ကိုသို့ဝေဖန်ရမည်ကို လူကြီးများကသာ သူတို့အား သင်ကြားပေးကြခြင်း ဖြစ်ပါသည်။

## ယုံကြည်မှုပြန်လည်ရရှိခြင်း

ယုံကြည်မှု၏ အဓိပ္ပါယ်ကို ဖွင့်ဆိုရေးအတွက် ကလေးငယ်တစ်ဦးက သူ၏ဖခင်ကို ကူညီခဲ့ဖူးပါသည်။

တစ်နာရီခန့် ရှာဖွေပြီးသောအခါ ကျွန်ုပ်တို့အလွန့်အလွန် ထိတ်လန့်လာခဲ့ကြသည်။ မိတ်ဆွေတစ်ဦး၏ လေးနှစ်သားကလေးငယ်တစ်ဦး တောင်တန်များအကြား ပျောက်ဆုံးနေခြင်းကို သိရခြင်းကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် စိုးရိမ်ပူပန်စရာပင်ဖြစ်သည်။ ထိုအိမ်ကလေးပြီးကတည်းက ကျွန်ုပ်တို့ နှစ်ခေါက်လောက် ရောက်ခဲ့ကြပြီးဖြစ်၍ ပတ်ဝန်းကျင်အနေအထားနှင့် ကျွန်ုပ်တို့ ကျွမ်းဝင်ပြီးနေသော်လည်း ကလေးများကမူ ရင်းနှီးခြင်းမရှိကြပါ။ ကလေးငယ်အား ရှာတွေကမည်ဟူသော မျှော်လင့်ချက် ပျောက်ဆုံးလုနီးပါး ဖြစ်နေချိန်တွင်မှ ထိုကလေးငယ်ကို ပြန်လည်တွေ့ရှိခဲ့ကြရသည်။ စိတ်အေးလက်အေး ရှိသွားကြသောအခါတွင်မှ ကျွန်ုပ်က သူ့ကို "ဦးဦးတို့ကတော့ သေလုမတတ် စိုးရိမ်နေကြတာ။ သားကကော မကြောက်ဖူးလား" ဟုမေးခဲ့သည်။ သူက "ဦးဦးတို့ သားကို ရှာနေကြမယ်ဆိုတာ သိနေတော့ သိပ်မကြောက်ပါဘူး" ဟုပြန်၍ဖြေခဲ့သည်။

လူကြီးနှစ်ဦးသည် ကလေးများထံမှ ယုံကြည်မှုကိုပြန်လည် တူးဖေါ်ရရှိခဲ့ပေသည်။

ကျွန်ုပ်တွင်ယုံကြည်မှု ရှိသော်လည်း ကျွန်ုပ်၏ ယုံကြည်မှုကို ကျွန်ုပ်၏ တူမလေးက တိုးတက်မြင့်မားအောင် မြှင့်တင်ပေးခဲ့ပါသည်။ သူမ၏ ဖခင်ရုတ်တရက် ကွယ်လွန်သွားသဖြင့် အသုဘအိမ်သို့ ကျွန်ုပ်တို့ ရောက်သွားခဲ့သည်။ လေးနှစ်သမီးသာ ရှိသေးသော သူမကို မိခင်ကမြှောက်ချီ၍ ဖခင်၏အလောင်းကို ပြသည်။ သူမက ပီကေတစ်ခုကို ဖခင်၏အိတ်ထဲသို့ ထည့်လိုက်ပြီး "ဖေဖေ့ကို သမီးမြင်ရောင်ပြီး သတိရနေမှာပါ" ဟုပြောလိုက်လေသည်။

ကျွန်ုပ်၏ တပည့်ကလေးတစ်ဦး၏ အစ်ကိုသည် ရထားကြိတ်၍ ဆုံးပါးသွားခဲ့သည်။ နောက်တစ်နေ့မှာပင် သူမ

ကျောင်းတက်လာသောအခါ ကျွန်ုပ်က သူမကိုပွေ့ချီကာ သူမနှင့်အတူ ငိုချင်နေမိသည်။ သူမက "ဆရာ ကျွန်မအစ်ကို မနေ့ညက သေသွားပြီ။ ဒါပေမဲ့ သူက ကောင်းကင်ဘုံမှာ ဘုရားသခင်နဲ့အတူ နေရတော့ ပျော်နေမှာပါ" ဟု ရိုးရိုးလေးပြောပြကာ ပန်းချီဆွဲရန်ထွက်သွားတော့သည်။ သူမ၏အစ်ကို ထာဝရထွက်ခွာသွားသည်ကို သူမ နားလည်ချင်မှနားလည်မည် ဖြစ်သော်လည်း သူမ၏ သေခြင်းတရားနှင့် ယုံကြည်မှုအမြင်က ကျွန်ုပ်၏ သေခြင်းတရားနှင့် ယုံကြည်မှုအပေါ်ထားရှိသော အမြင်ကိုပြန်လည် တွေးခေါ်ဆင်ခြင်မိစေခဲ့ပါသည်။

## မပြောနိုင်သောစကားကိုပြောခြင်း – ပြန်လည်ရိုးသားလာခြင်း

အရှိကိုအရှိအတိုင်းပြောရန် အရေးကြီးကြောင်းကို ကလေးများထံမှ ကျွန်ုပ်လေ့လာသင်ယူ ခဲ့ရပါသည်။ သူတို့ပြောစကားကို ရိုးသားစွာ နားထောင်နေခြင်းဖြင့် ကျွန်ုပ်လေ့လာရရှိခဲ့ပါသည်။ ယောကျ်ားကလေးတစ်ဦးက သူ့အဖွားအား "ဖွားဖွားက သိပ်ပြီး နှစ်ကြာကြာနေရတော့မှာ မဟုတ်လို့ ဖွားဖွားအတွက် သားက ကူပြီးလုပ်ပေးချင်တာပါ" ဟု သူ့အဖွားကို သူ့စိတ်ထဲတွင်ထင်မြင်သည့်အတိုင်း ပြောပြခဲ့သည်။ (ထိုစဉ်က သူမ၏အသက်မှာ ၅၅နှစ်ဖြစ်ပါသည်။)

စတုတ္ထတန်း ဆရာတစ်ဦးကလည်း ဤသို့ရေးသားဖော်ပြခဲ့ပါသည်။ "ပြီးခဲ့တဲ့အပတ်ရဲ့ ပထမနေ့မှာ ကျွန်တော့် အတန်းသားတွေလိုက်နာရမည့် စည်းကမ်းတွေကို ဖတ်ပြပြီး ဒီစည်းကမ်းတွေအတိုင်း အုပ်ချုပ်မယ်လို့ပြောပါတယ်။ စည်းကမ်းနံပါတ် ၆က "သင်၏လက်များနှင့် ခြေထောက်များကို သင်ကိုယ်တိုင်ထိန်းချုပ်ပါ" လို့ဖြစ်ပါတယ်။ အဲဒီ စည်းကမ်းကို ဖတ်ပြီးတော့ ချာတိတ်တစ်ယောက်က "ဒါက ဘာအဓိပ္ပါယလဲ၊ ဘာကိုဆိုလိုတာလဲ" လို့မေးပါတယ်။ ကျွန်တော်ပြန်မဖြေနိုင်ခင်မှာပဲ တခြားချာတိတ် တစ်ယောက်က "ရန်မဖြစ်ရဘူးလို့ ယဉ်ယဉ်ကျေးကျေး ပြောတာပေါ့ကွာ" ဟုရှင်းပြလိုက်သည်။ ကျွန်တော်လည်း သဘောတူပါသည်။ သို့ဖြင့် ကျွန်တော် အတန်းထဲသို့ လှည့်ပတ်စဉ် ပထမချာတိတ်က "သူက ဘာဖြစ်လို့ ဒီလိုရှင်းရှင်း မပြောတာလဲ" ဟု ဒုတိယချာတိတ်အား မေးသံကိုကြားလိုက်ရပါသည်။ ဒုတိယချာတိတ်က အတွေ့အကြုံရှိသောအသံဖြင့် "လူကြီးတွေက သူတို့ပြောချင်တာကို ဒီလိုယဉ်ယဉ်ကျေးကျေး ပြောတတ်တာ ငါသိခဲ့ရလို့ပေါ့" ဟုပြန်၍ ဖြေသံကိုလည်း သတိထားလိုက်မိသည်။ စည်းကမ်းနံပါတ် ၆ကို ဖျက်ပြစ်ပြီး "ရန်မဖြစ်နဲ့" လို့ကျွန်တော်ရေးချလိုက်ချင်ပါတော့တယ်"

ကလေးများအား ထေ့ငေါ့သည့်စကား သရော်သည့်စကားများကို မပြောသင့်ကြောင်း ကျွန်ုပ်၏သားထံမှ ကျွန်ုပ်လေ့လာသင်ယူခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပတ် စနေနေ့ညက သူအပြင်သို့မသွားမီ လုပ်စရာအိမ်အလုပ်များ ရှိနေသေးသည်။ သူက ကာတွန်းစာအုပ်ဖတ်၍ အချိန်ဖြုန်းနေပြီး သူငယ်ချင်းများ ရောက်လာသောအခါ အိမ်အလုပ်လုပ်ရန် ကျန်နေဆဲဖြစ်သည်။ ဧည့်ခန်းသန့်ရှင်းရေးကို ကမန်းကတန်း လုပ်နေသောကြောင့် ကျွန်ုပ်က ပြီးစီးရမည့်အလုပ်များကို ပြောသဖြင့် သူနှင့်စကားများရသည်။ နောက်ဆုံးတွင် သူနှင့်ရန်ဖြစ်ရသည်ကို ကျွန်ုပ်စိတ်မောလာပြီး ကျွန်ုပ်ကို သူကူညီပြီး သန့်ရှင်းရေးလုပ်ပေးတာ သိပ်ကောင်းတာပဲဟု ထေ့ငေါ့ပြောလိုက်သည်။ သူနှင့် စိတ်ဆိုးခဲ့ရပြီး ကျွန်ုပ်ကလေးငယ်လေး၏ အခန်းကိုဆေးသုတ်ခြင်း၊ အိမ်သန့်ရှင်းရေးလုပ်ခြင်းကိစ္စများ မပြီးမချင်း သူ့ကိုအိမ်ပြင်တွင်နေရမည်ဟု ပြောလိုက်ပါသည်။

လွန်ခဲ့သော စနေနေ့မှ သူသည် ဧည့်ခန်းကိုပြောင်လက်နေအောင် သန့်ရှင်းရေးပြုလုပ်ထားပါသည်။ သူက အပေါ်ထပ်ကိုတက်ပြီး အဝတ်အစားလဲသောအခါ ကျွန်ုပ်က သူလုပ်ထားသော အလုပ်သိပ်ကောင်းကြောင်း ပြောပြလိုက်သည်။ သူက လှေကားထပ်သို့တက်လာပြီး "တကယ်ကောင်းတယ်လို့" ပြောတာလားဟုမေးပါသည်။ သူဘာပြောချင်တာလဲ ဟုကျွန်မက မေးသောအခါ သူ့အား ထေ့ငေါ့ပြောတာလား၊ အမှန်တကယ်ပြောတာလားဟု သူသိချင်ကြောင်း ရှင်းပြပါသည်။ ထေ့ငေါ့စကားပြောခြင်းကို ရှောင်ရှားရမည့် အမြင်ကို ကျွန်ုပ်ပွင့်လင်းစွာ သိရှိခဲ့ရပါသည်။

ကျွန်ုပ်စာသင်ကြားသည့် ပထမနှစ်အတွင်းတွင်ပင် အမြောက်အမြား လေ့လာသင်ယူ ရရှိခဲ့ပါသည်။ တပည့်များ၏ အလုပ်မမှန်လျှင်သော်မှ သူတို့အား အလေးထားရမည်ကို သိရှိခဲ့ရသည်။ သူတို့၏အလုပ်သည် သူတို့ကိုယ်တိုင်၏ တိုးချဲ့အားထုတ်မှုတစ်ခုဖြစ်ပြီး သူတို့အလုပ်သည် အရည်အသွေးမမီဟု ဆရာကယူဆလျှင်သော်မှ အလေးအမြတ်တော့ ထားရမည်။ ဤသို့ ခက်ခဲသော နည်းလမ်းကို ကျွန်ုပ်တို့မည်သို့ လေ့လာသင်ယူခဲ့သည်ကို အောက်ပါအဖြစ်အပျက်များက ဖော်ပြနေပါသည်။

ကျွန်ုပ်သည် ကျေးလက်ဒေသတခါင် စာသင်ကြားရခြင်းဖြစ်သဖြင့် ကျွန်ုပ်တွင် ပထမတန်း ကျောင်းသားလေးနှစ်ဦးသာ ရှိပါသည်။ အခြားကျောင်းသားများမှာ ဒုတိယတန်း၊ တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသားများ ဖြစ်ကြပါသည်။ ပထမတန်းကျောင်းသားလေးများမှာ သူတို့၏ အဖြေများကို ကျောက်သင်ပုန်းတွင် ရေးကြရပါသည်။ မိန်းကလေးတစ်ဦးမှာ သူမ၏အဖြေကို ကျောက်သင်ပုန်းတွင်ရေးသော်လည်း အဖြေမှာ မှားနေပါသည်။ ထို့ကြောင့် အဖြေကို ကျွန်ုပ်က ချက်ချင်းပင် ဖျက်လိုက်ပါသည်။ ရုတ်တရက်ပင် ကလေးမလေးက သူမ၏လက်သီးလေးကို ဆုပ်ကိုင်ကာ ကျွန်ုပ်၏ ဝမ်းဗိုက်ကိုထိုးလိုက်ပါသည်။ သူမ ဂုဏ်ယူဝင့်ကြွားစွာရေးထားသောအဖြေကို ကျွန်ုပ်က ဖျက်ဆီးပြစ်လိုက်ခြင်းပင် ဖြစ်သည်။ သူမအရှက်ကွဲသွားပြီ။ ထိုနောက် ကလေးများ ရေးသောအဖြေမှားပါက သူတို့ကိုယ်တိုင် ဖျက်ပြစ်ပြီးအဖြေမှန်ကို သူတို့ကိုယ်တိုင်ရေးခိုင်းရန် ကျွန်ုပ်သဘောပေါက်သွားတော့သည်။

ဖခင်သည် အလုပ်မှပြန်လာပြီး မောပန်းလွန်းသဖြင့် ဘာမျှမလုပ်ချင် မကိုင်ချင်တော့သော်လည်း ကုလားထိုင်တွင် သက်တောင့်သက်သာထိုင်ကာ သတင်းစာဖတ်နေသည်။ သူ၏ ၅နှစ်သား ကလေးငယ်က သူ့အားအတူကစားရန် ပြောသောအခါ သူက "အခု

သတင်းစာ ဖတ်ချင်သေးတယ်။ ဘာမှမလုပ်ချင်ဘူး။နောက်မှစကားကြတာပေါ့" ဟု ပြန်ပြောလိုက်သည်။

၅မိနစ်မခန့်ကြာသောအခါ သူ၏ သားကလေးက သူ့အား စက္ကူအဖြူ တစ်ရွက်ယူလာပေးသည်။ ဖခင်က "ဒါကဘာလုပ်ဖို့လဲ" ဟုမေးရာ ကလေးငယ်က "ဒီစာရွက်ကို သတင်းစာလိုလုပ်ပြီး ဖတ်ကြတာပေါ့" ဟုပြန်ပြောလိုက်သည်။ သူ့ဖခင်က "ကဲ ကောင်းပါပြီ။ သတင်းစာထဲမှာ ဘာတွေပါသတဲ့လဲ" ဟုမေးရာ သားငယ်က "တစ်ခါတစ်လေ ဖေဖေ့ကိုသားချစ်တယ်။ တစ်ခါတစ်လေကျရင် မချစ်ဘူး လို့ပါတယ်" ဟုပြန်ပြောလိုက်လေသည်။

အိမ်တွင်ရှိနေခိုက် တစ်ညနေတွင် ကျွန်ုပ်၏လုပ်ငန်းဇယားတွင် ငြီးငွေ့စရာလုပ်ငန်းများ ပြည့်နှက်နေသည်ကို တွေ့ရသည်။ ပန်းကန်ဆေးခြင်း၊ ဖုံသုတ်ခြင်း၊ အဝတ်လျှော်ခြင်း စသည့်အလုပ်များက ကျွန်ုပ်တို့ငံ့လင့်နေကြသည်။ လုပ်ငန်းများကို စပြီးလုပ်ကိုင်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ၄နှစ်သမီးငယ်လေးက ကျွန်ုပ်၏နောက်သို့ တကောက်ကောက်လိုက်ပြီး "မေမေ ကွတ်ကီးဖုတ်ကြမယ်" ဟု ပူဆာပါတော့သည်။

ကျွန်ုပ်က "နောက်မှာဖုတ်တာပေါ့။ ပြီးရင် ဖုတ်ပေးမယ်နော်" ဟုပြန်ပြောရင်း ဖုံစုပ်စက်ဖြင့် ဖုံစုတ်နေပါသည်။ နောက်ဆုံးတွင် ကျွန်ုပ်ကို စိတ်ဆိုးမာန်ဆိုးဖြင့်ကြည့်ကာ "မေမေ နောက်ပြီးမှဆိုတာ အခုပဲ" ဟုပြောလိုက်ပါသည်။ သူမ၏ စကားက ကျွန်ုပ်ကို ဖုံးတစ်လုံးပမာ ထိမှန်ခဲ့ပါသည်။ သူမ၏ ပျော်ရွှင်ကြည်နူးမှုကို မနက်ဖြန်အထိ မရွှေ့ဆိုင်းသင့်ဘဲ ယခုပင် ဖြည့်ဆည်းပေးရပါမည်။

## မျှော်လင့်ခြင်းကို သင်ကြားပေးသော ကျွန်ုပ်တို့ဝန်းကျင်ရှိ ကလေးများ

### အကောင်းမြင်ဝါဒပြန်လည်ရရှိခြင်း

ကျွန်ုပ်တို့၏ အငယ်ဆုံးကလေးမှာ ၃နှစ်ခွဲရှိပြီ ဖြစ်သည်။ တစ်ပတ်လျှင် ၃ရက်တိုင်း သူမနံနက် ၇နာရီထရသည်။ ကျန်သော မိသားစုလေးဦးက နံနက်ခင်း အိမ်မှုကိစ္စများ ဆောင်ရွက်နေစဉ် သူမကအဝတ်လဲ နံနက်စာစား ကုတ်အင်္ကျီရှာ လက်အိတ်နှင့် ဦးထုပ်အပြင် အတူယူသွားမည့် ကစားစရာအရုပ်ကလေးကိုပါ ရှာဖွေစုဆောင်းရသည်။ ထိုသို့ အလုပ်များသော တစ်နံနက်တွင် တံခါးမှာထွက်ခဲ့ကြသောအခါ သူက လှေကားထစ်တစ်ခုပေါ်တွင် ရပ်၍ကောင်းကင်ကို မော့ကြည့်လိုက်ပြီး "ဒီနေ့သိပ်သာယာတာပဲ မေမေ၊ သမီးရဲ့ ဒီနေ့လည်း သာယာလာပြီ။ သမီးရဲ့ နေ့ကသာယာနေတော့ သမီးလည်းပိုပြီး အဆင်ပြေတော့မယ်ဆိုတာ သမီးသိတယ်" ဟုပြောလိုက်ပါသည်။

ပုဂ္ဂိုလ်တစ်ဦးက ထိုကဲ့သို့ နောက်ပြောင်တတ်သော၊ တီထွင်တတ်သော၊ ပျော်ရွှင်တတ်သော၊ အကောင်းမြင်တတ်သော၊ အခြေအနေနှင့်ကိုက်ညီအောင် နေတတ်သော စိတ်ရှိသော အရည်အသွေးများရှိသည့် ကလေးတစ်ဦးနှင့် တူသော သူငယ်ချင်းတစ်ယောက်အကြောင်းကို ပြောပြခဲ့သည်။ "သူ့ကို လူကြီးဆန်ဖို့ ပြောပေမဲ့ သူက သိပ်အလေးမထားပါဘူး" ဟုပြောခဲ့ပါသည်။

### ထိတ်လန့်ကြောက်ရွံ့မှုများကို စိန်ခေါ်ခြင်းဖြင့် သတ္တိမွေးခြင်း

တစ်ခါက ကျွန်ုပ်သည် ပထမတန်း ယောကျ်ားကလေးတစ်ဦးအား ဉာဏ်ရည်စစ်ဆေးရာတွင် "သတ္တိရှိတယ်ဆိုတာ ဘာလဲ" ဟုသူ့ကိုမေးရာ သူက "ဆရာက သေမလောက်ကြောက်နေပေမဲ့ တစ်နည်းနည်းနဲ့ရင်ဆိုင်ရဲတာ" ဟုပြန်ဖြေခဲ့ပါသည်။

၅နှစ်သားကလေး စကော့တ် (Scolt) နှင့် သူ၏ဦးလေးတို့သည် အိမ်ခေါင်မိုးပေါ်တွင် အလုပ်လုပ်နေကြပါသည်။ သူသည် လှေကား သို့မဟုတ် အိမ်အမိုးပေါ်ကို တစ်ခါမျှမတက်ဘူးသဖြင့် အမြင့်ကိုတက်ရန် ကြောက်တတ်ကြောင်း သူ့အမေက နောက်မှပြောပြခဲ့သည်။ သူ့ဦးလေးက ပစ္စည်းကိရိယာများယူရန် အောက်သို့ဆင်းခဲ့ပြီး အတန်ကြာမျှ သူ့တူကလေးကို မေ့နေခဲ့မိသည်။ သတိရပြီး အမိုးပေးသို့ အမြန်ပြန်တက်လာသောအခါ စကော့တ် ငိုနေသည်ကို တွေ့လိုက်ရသည်။ ဦးလေးက ကြောက်လို့လားဟု စကော့တ်ကို မေးသောအခါ "မကြောက်ပါဘူး။ ဒါပေမဲ့ တစ်ယောက်တည်း ဖြစ်နေလို့ပါ" ဟုဖြေပါသည်။

စကော့တ်သည် သူယုံကြည်ရမည့် သူတစ်ဦး သူ၏မျက်မှောက်တွင် ရှိနေသောအခါ သူ၏ထိတ်လန့် ကြောက်ရွံ့မှုများကို စိန်ခေါ်နိုင်စွမ်းရှိပြီး သူယုံကြည်ရသော ပုဂ္ဂိုလ် သူနှင့်အတူမရှိသောအခါတွင်မူ ထိုအကြောက်တရားကို သူရင်မဆိုင်ဝံ့တော့ပေ။

## ချစ်ခြင်းမေတ္တာကိုသင်ကြားပေးသောကျွန်ုပ်တို့ဝန်းကျင်ရှိကလေးများ

### လုပ်ငန်းတာဝန်များထက် ဆက်ဆံရေးကပို၍အရေးကြီးသည်

ထိုအချက်ကို ကလေးများသိရှိကြသည်။ မိဘတစ်ဦးက ရေးသားသည်မှာ ယခုနှစ်တွင် ကျွန်ုပ်သည်အလုပ်မှထွက်ပြီးနောက် တစ်နေ့လုံး လိုလိုပင်အိမ်၌ ကျွန်ုပ်တို့၏ ၅နှစ်သားကလေးငယ်နှင့် အတူနေပါသည်။ ပျော်ဖို့အကောင်းဆုံးအချိန်မှာ နံနက်ခင်းတွင် သူ

အိပ်ရာမှနိုးလာပြီး ကျွန်ုပ်၏ပေါင်ပေါ်သို့ တွားတတ်လာသောအချိန်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ အတူထိုင်ကြသည်။ သူ့ကိုဖက်၍ ရှေ့တိုးနောက်ငင် ယိမ်းထိုးလှုပ်ရမ်းရင်း အတူပျော်ရွှင် ကြည်နူးကြသည်။ စကားပြောခဲလှသည်။ ကျွန်ုပ်တို့နှစ်ဦးအတူတူရှိနေခြင်းက စိတ်ချမ်းသာစရာ ကောင်းနေသည်။

ကျွန်ုပ်တို့သည် ကလေးငယ်ကလေးများနှင့် တူလာကြသည်ဟု ခရစ်တော်က ပြောခဲ့ခြင်းမှာ ကလေးများတွင် ဆက်ဆံရေးသည် ပထမ၊ လုပ်ငန်းတာဝန်သည် ဒုတိယဟူသော ဦးစားပေးမှုများ ရှိနေသောကြောင့် ဖြစ်တန်ရာပေသည်။

လုပ်ငန်းတာဝန်ကိုလည်း ပြီးဆုံးရမည်ဆိုပါက ထိုအချက်နှစ်ရပ်စလုံးကို ကျွန်ုပ်တို့ မည်သို့ဆောင်ရွက်မည်နည်း။ ဖြစ်နိုင်သည့်အခါ ထိုအချက်နှစ်ရပ်စလုံးကို တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်ကြောင့် ဆက်ဆံရေးကို ပို၍လေးနက်လာစေ ပါသည်။

ကျွန်ုပ်၏ သမီးငယ်ဆုံး ဆူး (Sue) က ဤသို့ရှင်းပြသည်။ ကလေးငယ်များ၏ အလေးထားမှု အတိုင်းအတာနှင့် ပတ်သက်ပြီး ကလေးစိတ်ပညာ ပညာပေးစာအုပ်များနှင့် ကလေးစိတ်ပညာဆရာများ အားလုံးမှားယွင်းကြကြောင်း ကျွန်မလေ့လာသိရှိခဲ့ရ ပါသည်။ ကလေးငယ် ကလေးများတွင် အာရုံစူးစိုက်မှု ကာလအလွန် တိုတောင်းလှကြောင်း ကျွန်မသင်ကြားခဲ့ရသည်။ သို့ရာတွင် ကျွန်မ၏ ကလေးငယ်အား စာဖတ်ပြသောအခါ သူနှင့်အတူ ကစားရသောအခါ ကျွန်ုပ်တို့ထက် သူတို့၏အာရုံ စူးစိုက်မှုကာလက ပို၍ ရှည်ကြာကြောင်း သိရှိခဲ့ရသည်။ စာအုပ်တစ်အုပ်တည်းကိုပင် ကြိမ်ဖန်များစွာ ဖတ်ပြရသောအလုပ်က ကျွန်မအတွက် ငြီးငွေ့ဖွယ်ကောင်းသည်။ သူတို့သည် အကြောင်းကိစ္စတစ်ခုတည်းကိုပင် တာရှည်စွာ စိတ်ဝင်စားနေနိုင်ကြခြင်းမှာ ကျွန်ုပ်တို့က အလုပ်တာဝန်ပြီးစီးမှုထက် သူတို့နှင့်အတူနေရန် အချိန်ဖြုန်းခြင်းကို ကလေးများ သဘောပေါက်၍ ဖြစ်ပါသည်။ ကျွန်မက သူတို့နှင့်အတူ နေရသောအချိန်ကို စာအုပ်တစ်အုပ်ပြီးဆုံးချိန် သို့မဟုတ် ကစားပွဲတစ်ခုပြီးဆုံးချိန်အထိသာ ရည်ရွယ်ထားကြောင်း သူတို့သိရှိထားသဖြင့် သူတို့အနေဖြင့် ကျွန်မနှင့်အတူနေရသော အချိန်ကို ဖြစ်နိုင်သမျှ တာရှည်ဆွဲထားချင်ကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ အကြီးဆုံးသမီးကလေး ဆေးရုံပထမဆုံး အကြိမ်တက်ခဲ့ရစဉ်က ကျွန်ုပ်အတွက် အရေးကြီးသောအချိန် ဖြစ်ခဲ့ပါသည်။ သူမသည် ဆေးရုံနှင့် ခွဲစိတ်ကုသမှုအကြောင်းကို သဘောပေါက်နေသော်လည်း သူမ၏ ညီမလေးနှင့် မောင်လေးမရှိဘဲ ကျွန်မနှင့်အတူ နေရမည်ကို အလွန်တုန်လှုပ်နေပါသည်။ သူမအား အဝတ်အစားအသစ်များ ဝယ်ပေးကာ အထူးဂရုစိုက်ခဲ့ကြပါသည်။ နာမည်ကြီးသော စားသောက်ဆိုင်တစ်ခုသို့ ထွက်၍အတူတကွ စားသောက်ကြပြီးသောအခါ ခွဲစိတ်ခြင်းမပြုခင်ညတွင် ကျွန်မမှာ သူမနှင့်အတူ အိပ်ခွင့်ရခဲ့သည်။ ကျွန်မတို့နှစ်ဦးအတူ ကစားကြသည်။ စကားပြောကြသည်။ အတူတကွ စာအုပ်ဖတ်ကြသည်။ ထိုညက ကျွန်ုပ်နှင့် သမီးငယ်တို့သည် မိခင်နှင့်သမီး အဖြစ်သာမက သူငယ်ချင်းများအဖြစ်ပါ ပို၍ရင်းနှီးခွင့်ရခဲ့ကြသည်။

## ချစ်ခြင်းမေတ္တာကိုထုတ်ဖေါ်ပြောဆိုခြင်း

ကျွန်ုပ်၏ တူကလေးနှင့်ကျွန်ုပ်သည် မက်ဂျစ်မာ့ကာကို ရှာဖွေရန် အိမ်ပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း အလုပ်ရှုပ်နေကြသည်။ သူက ကျွန်ုပ်ကိုရပ်ခိုင်းကာ ကျွန်ုပ်၏ လက်ကိုဆွဲပြီး "ခဏနေပါဦး။ သားတစ်ခုပြောစရာရှိလို့" ဟုဆိုပါသည်။ ကျွန်ုပ်က "ကောင်းပြီလေ" ဟုပြောကာ ထိုင်ချလိုက်သည်။ သူက ကျွန်ုပ်၏ရှေ့တွင် မတ်တပ်ရပ်ရင်း မျက်လုံးပြာကြီးများနှင့်ကြည့်ကာ "သားက အန်တီ့ကို သိပ်ချစ်တာပဲ။ သားဘယ်လောက် ချစ်သလဲဆိုတာပြချင်လို့" ဟုပြောပါသည်။ သူ၏ နှစ်လုံးသားလေးသည် သူပေးချင်သော ချစ်ခြင်းမေတ္တာဖြင့် ပွင့်ထွက်ရန် နာကြင်ခံစားနေရသည်ကို ကျွန်ုပ်ခံစား သိရှိနိုင်ပါသည်။ ကျွန်ုပ်တို့ နှစ်ဦးသား ထိုအကြောင်းကိုပင် အတန်ကြာပြောနေကြသည်။ တစ်ဦးကိုတစ်ဦး ပွေ့ဖက်ကာ ဟစ်အော်ရယ်မောမိခဲ့ကြပါသည်။

နောက်တွင် သူကျွန်ုပ်အား ပြောခဲ့သည်ကို စဉ်းစားခဲ့မိသည်။ အလုပ်ရှုပ်နေသည့် ရှစ်နှစ်သားကလေးက ကျွန်ုပ်အား သူမည်မျှချစ်ကြောင်းပြောရန် တစ်ခဏမျှ အားလပ်ချိန်ယူပြီး သူပြချင်သော ချစ်ခြင်းမေတ္တာကို ဖွင့်ဟပြောပြခဲ့သည်။ အခြားသူများအား ကျွန်ုပ်၏ ချစ်ခြင်းမေတ္တာကို မည်သို့ဖွင့်ဟပြောပြလေ့ရှိပါသနည်း။ ထိုသင်ခန်းစာအတွက် ဘုရားသခင်အား ကျွန်ုပ်ကျေးဇူးတင်ခဲ့ ကျေးဇူးတင်လျက်ရှိပါသည်။

ချစ်ခြင်းမေတ္တာကို ဖွင့်ဟပြောဆိုခြင်းတွင် ကလေးများက ချစ်ခြင်းမေတ္တာကို ဦးတောင်ဦးရွက်ပြု၍ ပြသတတ်ကြပါသည်။

အိမ်တွင် အငြင်းအခုန်တစ်ခုဖြစ်ပြီးနောက် စိတ်လက်မကြည်မသာဖြင့် ကျောင်းသို့ရောက်လာသောအခါ ချာတိတ်မလေးတစ်ဦးကကျွန်ုပ်ထံသို့လာပြီး "ဆရာမက သိပ်လှတာပဲ။ ဆရာမကို သမီးချစ်တယ်" ဟူ၍ ပြောသည်။ ယင်းအဖြစ်အပျက်က ချစ်ခြင်းမေတ္တာကိုပေးရန် လက်ခံရန်နှင့် အသိအမှတ်ပြုရန် မည်မျှလိုအပ်ကြောင်းကို ကျွန်ုပ်တို့အား သင်ခန်းစာပေးခဲ့ပါသည်။

ကလေးငယ်တစ်ဦးက သူမ၏မျက်စေ့ ရှေ့မှောက်တွင်ပင် ဖခင်ကို မည်မျှပွင့်လင်းစေ ပြောင်းလဲစေခဲ့ကြောင်းကို အမျိုးသမီးတစ်ဦးက ပြန်ပြောပြခဲ့သည်။

ကလေးငယ်တစ်ဦးထံမှ ကျွန်ုပ်သင်ယူခဲ့ရသည်မှာ ကျွန်ုပ်၏ ဖခင်အား ကျွန်ုပ်မြင်သောနည်းလမ်းအတိုင်း လူတိုင်းက သူ့ကိုမမြင်ကြခြင်းပင် ဖြစ်သည်။ ကျွန်ုပ်၏ ဖခင်အား ခံစားတတ်သော ချစ်တတ်သော ဖခင်တစ်ဦး ဖြစ်လာရန် ကျွန်ုပ်မည်သည့်အခါကမျှ မစဉ်းစားခဲ့ပါ။ မကြာသေးမီက သူသည် ၂နှစ်သား အရွယ်ကလေးငယ်နှင့် ကစားနေသည်ကို ကျွန်ုပ်ပထမဆုံး အကြိမ်အဖြစ်တွေ့မြင်ခဲ့

ရသည်။ သူသည် အလွန်ချစ်တတ်၍ အလွန်ပွင့်လင်းပေသည်။ သူ့တွင် ကျွန်ုပ်တစ်ခါမျှ မတွေ့ခဲ့ရဘူးသော လူသားတစ်ဦး၏ အရည်အသွေးများရှိပါသည်။ ထိုမှစ၍ သူ့အပေါ် ကျွန်ုပ်၏ ခံစားချက်များ တစ်မျိုးပြောင်းလဲသွားခဲ့ရပါသည်။ ထိုကလေးမလေးကို ကျွန်ုပ်မနာလိုဖြစ်နေမိပြီလားဟု အံ့ဩစိတ်ဝင်စားမိသေးသည်။ အကြောင်းမူ ထိုကလေးမလေးသည် ပွင့်လင်းပြီးချစ်စရာကောင်းသကဲ့သို့ ကျွန်ုပ်၏ဖခင်ကလည်း သူမအား ပွင့်လင်း၍ချစ်ခင်ရင်းနှီးစွာ တုန့်ပြန်သောကြောင့် ဖြစ်ခဲ့ပါသည်။

ကလေးများထံမှ အလိုအလျောက် ချစ်မြတ်နိုးတတ်မှုကိုလည်း ကျွန်ုပ်လေ့လာသင်ယူခဲ့ရပါသည်။ ယခုနှစ် ကျွန်ုပ်၏ စာသင်ခန်းဖြစ်သော သူငယ်တန်းတွင် အလွန့်အလွန် ချစ်မြတ်နိုးစရာကောင်းသော ကလေးမလေးနှစ်ဦး ရှိပါသည်။ သူတို့ပြန်ကာနီးတိုင်း ကျွန်ုပ်အား အမြဲတန်းပွေ့ဖက် နမ်းရှုတ်လေ့ရှိသည်။ သူတို့အတိုင်း အခြားကလေးအချို့ကလည်း လိုက်၍ပြုမူကြသည်။ ပထမတွင်မူ ဤကိစ္စကို ကျွန်ုပ်သတ္တိရှိရမည်လေ သတ္တိနည်းရမည်လော သို့မဟုတ် လျစ်လျူရှုရမည်လောဟု မခွဲခြားတတ်နိုင်ခဲ့ပါ။ ထိုနောက် ယင်းသို့အလိုအလျောက် ချစ်မြတ်နိုးခြင်းကို လိုက်လျောခွင့်ပြုရန် ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ်သည်လည်း ခံစားတတ်သော လူပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် သူတို့က ဖက်ချင်မွေးချင်သလို အခြားသူများက ဖက်ချင်မွေးချင်လျှင်လည်း ကျွန်ုပ်သူတို့အဖက် အမွေးခံဖို့ အဆင်သင့် ဖြစ်ရပါမည်။

အောင်မြင်သော မူလတန်းဆရာတစ်ဦး၏ သိသာထင်ရှား ထူးခြားမှုတစ်ခုမှာ ချစ်ခြင်းမေတ္တာကို လက်ခံနိုင်စွမ်းနှင့် ပေးစွမ်းနိုင်စွမ်းရှိခြင်းဖြစ်ကြောင်း ကျွန်ုပ်သတိပြုမိခဲ့ရပါသည်။

ချစ်ခြင်းမေတ္တာသည် အစဉ်သဖြင့် ပေးဆပ်ခြင်းဖြစ်၏
ခွင့်လွှတ်ခြင်းသည်ကား
အစဉ်သဖြင့် ပွင့်လင်းသောနှစ်လုံးသားဖြင့်
အဆုံးမဲ့ရှည်ကြာစွာ တည်ရှိနေသည်။
အကြောင်းမူ ခွင့်လွှတ်ခြင်းဟူသည်
ရယူခြင်းမရှိဘဲ
အစဉ်သဖြင့် ပေးဆပ်ခြင်းသာရှိသော
ချစ်ခြင်းမေတ္တာတရား၏
အထူးအခွင့်အရေးပင် ဖြစ်သောကြောင့်တည်း။
(ဂျွန်အောက်ဇင်ဟမ် – John Oxenhan)

## ဂရုစိုက်ခြင်း

ကလေးတစ်ဦးသည် သူ၏မိခင် ကွန်ပျူတာကြောက်မှန်းကို သတိထားမိသည်။ ထို့ကြောင့် ဂရုစိုက်အလေးထားပြီး တုန့်ပြန်ပေးလေ့ရှိသည်။

ကျွန်ုပ်၏ သားငယ်တွင် ကွန်ပျူတာတစ်လုံးရှိပြီး ကျွန်ုပ်အား သင်ပေးပါရန် သူ့အားပြောခဲ့သည်။ သူက ကျွန်ုပ်အား သူ၏ အနူးညွတ်ဆုံး အသိမ်မွေ့ဆုံး အသံကလေးဖြင့် ပြောပြသည်။ ကျွန်ုပ်ကိုကြည့်သည်။ ကျွန်ုပ်ကို အနူးညံဆုံး ထိတွေ့ကိုင်တွယ်၍ ပြသပေးသည်။ ကျွန်ုပ်ကိုယ် ကျွန်ုပ်ကျေနပ်လာအောင် သူကစွမ်းဆောင်နိုင်သည်။ သူ သင်ကြားပေးသဖြင့် ကျွန်ုပ်အတွက် ကွန်ပျူတာ တတ်သည်ဖြစ်စေ မတတ်သည်ဖြစ်စေ ကျွန်ုပ်အဖို့တော့ သူ၏ ဂရုစိုက်မှုအတွက် အကျေနပ်ကြီး ကျေနပ်မိခဲ့ပါသည်။

ကျွန်ုပ်၏ ကောလိပ်ကျောင်း စာသင်ခန်းတိုင်းတွင် သင်ကြားရသည့် ပထမနေ့တိုင်တွင် ကျောက်သင်ပုန်း၌ မြေဖြူဖြင့် အောက်ပါစာကြောင်းကို ရေးချလေ့ရှိပါသည်။

“ဤစာသင်ခန်းအတွင်းရှိကြသူများသည် သင်ကြားလေ့လာရမည့် သင်ခန်းစာထက် ပို၍အရေးကြီးပါသည်။”

ယင်းအမှန်တရားသည် အရေးကြီးကြောင်း အချို့နေရာများတွင်လည်း ကျွန်ုပ်တွေ့ရှိခဲ့ရသည်။ ကျွန်ုပ်၏ သားကွန်ပျူတာဆရာလေးသည်ပင် ဤအမှန်တရား၏ အရေးကြီးမှုကို ပျောက်ကွယ်မသွားသေးပါ။

**အခြားသူများအတွက်စိုးရိမ်ခြင်း။** ဤအဖြစ်အပျက်မှာ သူတစ်ပါးကို စိုးရိမ်ပူပန်တတ်သော အိမ်နီးပါးချင်းတစ်ဦး၏ အကြောင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် ချစ်ခင်မှု၊ အလိုအလျောက် သဘာဝအသိနှင့် စပ်စုတတ်မှုတို့ကို ကလေးတစ်ဦးထံမှ လေ့လာတွေ့ရှိခဲ့ရသည်။ ကျွန်ုပ်၏ ခွေးကလေးမှာ မျက်စိကုထားရပြီး ပြန်မကောင်း ဖြစ်နေသည်။ ကျွန်ုပ်က သူ့အား အိမ်ရှေ့မြက်ခင်းပေါ်သို့ ပွေ့ချီလာခဲ့သည်။ လမ်းတစ်ဘက်မှ ကလေးမလေးတစ်ဦး ရောက်လာပြီး သူ့နာမည်မည်သို့ခေါ်သနည်း။ သူ့မျက်လုံးများ ဘာကြောင့်စိမ်းနေရသနည်း။ သူဘာဖြစ်လို့ မတ်တတ်မရပ်နိုင်သနည်း စသည်ဖြင့်မေးပါတော့သည်။ ကျွန်ုပ်ကလည်း သူနေမကောင်းကြောင်း ဆေးတိုက်ထားရကြောင်း ပြန်၍ ဖြေကြားခဲ့ရသည်။ ဤအဖြစ်အပျက်က ကျွန်ုပ်အတွက် အလွန်ထူးခြားနေပါသည်။ အကြောင်းမူ ထိုကလေးမလေးသည် အလွန်

ချစ်တတ် ကြင်နာတတ်သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် တိရိစ္ဆာန် ဆေးကုဆရာဝတ်ထဲမှ ပြန်လာကာစလေးပင်ဖြစ်ပြီး ဆရာဝန် ကခွေးကလေး၏ အသက်ရှင်သန်ရေး မျှော်လင့်ချက်မှာ ၃၀%သာရှိတော့ကြောင်း ပြောပြလိုက်ပြီး ဖြစ်ပါသည်။

ကလေးများအားလုံး သည် တိရိစ္ဆာန်များ အထူးသဖြင့် တိရိစ္ဆာန်ငယ် ကလေးများ၊ ကလေးငယ်များ ၊ မွေးစကလေးများနှင့် ယေဘုယျအားဖြင့် ကမ္ဘာပေါ်ရှိ အကူအညီမဲ့နေသော သက်ရှိအားလုံးအပေါ်တွင် ဤကလေးမလေးကဲ့သို့ ကြင်နာစိတ်ထားတတ်မှုကို မျှဝေသင်ကြား တတ်ကြပုံရပါသည်။ မည်သည့်အခြေအနေသည် အကူအညီမဲ့နေသည်ကို သူတို့နားလည်သဘောပေါက်ပြီး အခြားသူများအပေါ်တွင် အကြင်နာတရားထား တတ်ရန်လည်း သိမြင်လေ့ရှိကြပါသည်။ ကျွန်ုပ်တို့သည် အသက်အရွယ် ရလာကြသည်နှင့်အမျှ စာနာမှုနှင့် အတွေးအခေါ် ဆင်ခြင်ရှိမှုတို့ထက် အတ္တကိုဦးစားပေးမှု ပို၍များလာလေ့ရှိကြသည်။

ကျွန်ုပ်တို့အား အခြားသူတစ်ဦးက နက်နဲစွာနားလည် သဘောပေါက်လျှင် သို့မဟုတ် ကျွန်ုပ်တို့က အခြားသူတစ်ဦးအား လေးလေးနက်နက် နားလည်သဘောပေါက်လျှင် ကျွန်ုပ်တို့တွင် နက်ရှိုင်းသော အတွေ့အကြုံတစ်ရပ်ကို ရရှိကြပေမည်။

အောက်ပါအဖြစ်အပျက်ကို ပြောပြသောအမျိုးသားကြီးတစ်ဦးကား ထိုသို့သော အထွတ်အထိပ် အတွေ့အကြုံကို ရရှိထားသူပင် တည်း။

ကျွန်ုပ်သည် အသက် ၃၅နှစ်ရှိလာသည့်တိုင် ဘတ်စကက်ဘောကစားရန် ကျွန်ုပ်ကိုယ် ကျွန်ုပ်အရွယ်လွန်သွားပြီဟု မည်သည့် အခါမျှ ဝန်မခံခဲ့ပေ။ လွန်ခဲ့သော တနင်္ဂနွေနေ့က ကျွန်ုပ်၏ ဘယ်ဘက်မျက်လုံးသည် ညိုမည်းစွဲပြီး အလွန်ရောင်ရမ်းနေလျက်နှင့် အိမ်သို့ပြန်လာခဲ့သည်။ အကျိုးအကြောင်းကို ကျွန်ုပ်ကရှင်းပြပြီးသောအခါ ကျွန်ုပ်၏ ၇နှစ်သမီးကလေးက "ကဲ အဲဒါ ဘတ်စကက်ဘော မကစားဖို့ ဖေဖေ့ကိုသင်ခန်းစာ ပေးလိုက်တာပေါ့" ဟုပြောလိုက်ပါသည်။ ကျွန်ုပ်သည် ခပ်မြန်မြန်ပင် တွေးကြည့်လိုက်ပြီး "အေး ဖေဖေ လည်းထင်တော့ ထင်သားပဲ" ဟုပြန်ဖြေလိုက်ပါသည်။ သူမက ကျွန်ုပ်အား ကြည့်လိုက်ပြီး ကျွန်ုပ်၏ လက်ကိုဆွဲကာ ကျွန်ုပ်ဆိုလိုချက် ကို အတိအကျ သဘောပေါက်သွားခဲ့ပါသည်။ ထိုသို့ မိမိကိုယ်မိမိ သိမြင်မှုကား ရှားပါးလှသည့်ပြင် ထူးခြားသော ဉာဏ်အလင်းရမှု တစ်ခုပင်တည်း။

တွေးခေါ်ဆင်ခြင်တတ်မှု။ ကလေးတစ်ဦးထံမှ ကျွန်ုပ်သင်ယူရရှိခဲ့သည်မှာ အခြားသူများအား စိတ်ဝင်စားတတ်ရန် နှင့်အခြားသူများ၏ ဘဝများတွင် မည်သို့ဖြစ်ပျက်နေသည်ကို သိလိုခြင်းပင် ဖြစ်ပါသည်။ အားလပ်ရက်တစ်ရက်တွင် ကျွန်ုပ်၏အတန်း ထဲရှိကလေးများအား သူတို့ဘာဖြစ်ချင်ကြသနည်းဟု မေးကြည့်ပါသည်။ ၆နှစ်အရွယ် ကလေးလေးတစ်ဦးက အခြားကလေးတစ်ဦးကို "မင်းကောဘာလုပ်မလဲ" ဟုမေးလိုက်သည်။ ထိုကလေးသည် အခြားသူများအတွက် မည်မျှတွေးခေါ်တတ်သည်ကို ကျွန်ုပ်သတိပြုလိုက် မိသည်။ တစ်ယောက်ယောက်က သင့်အတွက် စိုးရိမ်ပူပန်၍ မေးမြန်းလာလျှင် သင့်အပေါ်တွင် ဂရုစိုက်သည်ကို သိရှိလာလျှင် အလွန် စိတ်ဝင်စားဖို့ကောင်းသည်။ ကျွန်ုပ်အကြောင်းကို မေးမြန်းသောသူများသည် ကျွန်ုပ်အတွက် အရေးပါကြောင်းကိုလည်း ကျွန်ုပ်သတိပြု မိလာခဲ့မိပါသည်။ အခြားသူများအားလည်း သူတို့ကိုယ်သူတို့ ပြန်မေးကြည့်ရန် ကျွန်ုပ်တိုက်တွန်း အားပေးခဲ့ပါသည်။

ကျွန်ုပ်၏ သားငယ်လေး ဘီလ် (Bill) ကလေးငယ်ဘဝကလည်း အလားတူ အဖြစ်အပျက်မျိုးကို ကျွန်ုပ်တွေ့ကြုံခဲ့ဖူးပါ သည်။ သူအိပ်ရာဝင် သွားသောတစ်ညက သူ၏အခန်းထဲသို့ ကျွန်ုပ်ခဏတစ်ဖြုတ်ဝင်ကာ ဒီနေ့အဆင်ပြေရဲ့လားဟု မေးခဲ့ပါသည်။ ကျွန်ုပ်မေးသည်ကို ပြန်ဖြေပြီးသောအခါ သူကလည်း ကျွန်မအား မေမေကော ဒီနေ့အဆင်ပြေရဲ့လားဟု ပြန်မေးပါသည်။ သူ၏တွေး ခေါ်ဆင်ခြင်မှု အပြည့်ဖြင့်မေးလိုက်ခြင်းက ကျွန်ုပ်အပေါ် သူ၏ ဂရုတစိုက်ရှိမှုကို ကြည်နူးစွာခံစားလိုက်ရပါသည်။ ကျွန်ုပ်အား လူပုဂ္ဂိုလ် တစ်ဦးအဖြစ် အလေးအမြတ် ပြုခြင်းပင်တည်း။

ကလေးများထံမှ ဂရုစိုက်ခြင်းနှင့်ပတ်သက်သော လေ့လာသင်ယူစရာနည်းလမ်းများစွာ ရှိပါသည်။ ပထမအချက်မှာ သူတို့ဂရုစိုက်မှုကို ကျွန်ုပ်တို့က ပွင့်လင်းစွာလက်ခံရန်ဖြစ်ပြီး ဒုတိယအချက်မှာ သူတို့အား ကျွန်ုပ်တို့ကလည်း ပြန်လည်ဂရုစိုက်ခြင်း ဖြစ်ပါသည်။

## ပြန်လည်သစ်လွင်လာသောရင်းနှီးမှု

**ရင်းနှီးမှုသည်အပြန်အလှန်ဖြစ်သည်။** အခြားသူတစ်ဦးကပေးအပ်ပြီး အခြားသူတစ်ဦးက ယူရုံသက်သက်မျှဖြင့် ရင်းနှီး ခင်မင်ခြင်း မိတ်ဆွေသူငယ်ချင်း မမည်ပေ။ မွေးကင်းစ ကလေးများနှင့် ကလေးငယ်လေးများသည် မှီခိုလွန်းသည့် အရွယ်ဖြစ်သော ကြောင့်သူတို့အနေဖြင့် ပေးအပ်သူများဖြစ်ပုံ မရကြပါ။ သို့သော် သူတို့သည်ပင် သူငယ်ချင်းများ၌ အပြည့်အဝပါဝင်ခွင့် ရရှိနိုင်ကြပါ သည်။

ကျွန်ုပ်၏ သမီး ဆူး (Sue) သည် သူမ၏ အထက်တန်းကျောင်းသူ ကောလိပ်ကျောင်းသူ ဘဝနှင့် အရွယ်ရောက်သည့် ဘဝ တို့တွင် သူမ၌ ကလေးငယ် မိတ်ဆွေကလေးများစွာ ရှိဆဲဖြစ်သည်။ သူ၏ မိတ်ဆွေများနှင့် အလွန်ပျော်ရွှင်ရသော အချိန်တစ်ခုကို ဤသို့ပြောပြသည်။

ကျွန်မ ကောလိပ်ကျောင်းရောက်သောအခါ ဘောလီဘောကစားပါသည်။ တစ်နှစ်တွင်မူ ကျွန်မခြေဆစ်လည်သွားခဲ့ပါသည်။

ထို့ကြောင့် ကျွန်မ၏ ခြေကျင်းဝတ်ကို ကျပ်စည်းကာ ရေခဲအုံပေးနေခဲ့ရသည်။ ကျောင်းဝင်းအတွင်း ကျင်းပနေသော ဘောလီဘောပွဲနှင့် အခြားကစားနည်းများတွင် ပါဝင်နိုင်ခြင်း မရှိတော့သည်ကို စိတ်မကောင်း ဖြစ်နေမိပါသည်။ ကျွန်မ ဘာမျှမတတ်နိုင်တော့ဘဲ အသုံးမဝင်တော့သလို ဖြစ်နေပါသည်။ ကျွန်မ၏ နည်းပြဆရာက ကျွန်မကိုလာကြည့်ပြီး သူမအပြင်သွားနေစဉ်အတွင်း ကလေးကြည့်တစ်ဦး လိုချင်ကြောင်းကိုပါ ပြောပြခဲ့ပါသည်။ လေးလသမီးလေးရှိသော ကယ်လီ (Kelly) ကို ကျွန်မ ကြည့်ရှုနိုင်ကြောင်း သူမအား ပြောပြခဲ့ပါသည်။ ကျွန်မ အနာဒဏ်ရာ ရစဉ်အတွင်း ကယ်လီကို ကျွန်မနှင့် ထားခဲ့ချင်ပုံမရသော်လည်း ကျွန်မက အမှန်တကယ်စောင့်ရှောက်ပေးချင်ကြောင်း ပြောသဖြင့် နောက်ဆုံးတွင် လေးလသမီးလေး ကယ်လီကို ကျွန်မနှင့်ထားခဲ့ပါသည်။ ကျွန်မ၏ ခြေဆစ်က နှစ်ဆမျှ ရောင်ရမ်းနေပြီး လမ်းမလျှောက်နိုင်သည်ဖြစ်စေ ကယ်လီကလည်း လမ်းမလျှောက်တတ်သေးသည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ကျွန်မ ကပက်လက်လှန် အိပ်နေပြီး ကယ်လီက ကျွန်မရင်ဘတ်ပေါ်တွင် မှောက်လျက်အိပ်ကာ အချင်းချင်း အပြန်အလှန် ပြုံးပျော်ရယ်မောပြကြပါသည်။ အလွန်ပျော်ရွှင်ဖို့ကောင်းပါသည်။ ကျွန်မ၏ သူငယ်ချင်းက ကယ်လီနှင့် ကျွန်မတိုပကို ဓါတ်ပုံရိုက်ပြီး ထိုဓါတ်ပုံကို ကျွန်မ၏ သူငယ်ချင်းက ကယ်လီနှင့်ကျွန်မအား ဂုဏ်ပြုခဲ့ပါသည်။ ကျွန်မသည် အိပ်ရာထဲတွင် လဲလျောင်းနေလင့်ကစား အရေးကြီးသောကိစ္စတစ်ခုကိုမူ ဆောင်ရွက်နိုင်သေးကြောင်း ကယ်လီက ကျွန်မကိုသင်ကြားပေးခဲ့ပါသည်။

**မုန်တိုင်းအစတွင်ရင်းနှီးမှုပိုမိုခိုင်မာတတ်သည်။** ခရစ္စမတ်တစ်ခုတွင် ဖြစ်ပါသည်။ ကျွန်ုပ်၏ အစ်မတစ်ဦးနှင့် သူမ၏ ယောက်မတို့ သိပ်အဆင်မပြေကြပါ။ သူတို့၏ ဆက်ဆံရေးသည် ဆိုးသည်ထက်ဆိုးလာပါသည်။ ဤခရစ္စမတ်ကာလတွင် ကျွန်ုပ်တို့အားလုံး အဆင်မပြေမှု ကိုယ်စီနှင့် ပြည့်ကျပ်နေသောကာလတစ်ခုပင် ဖြစ်ပါသည်။ သူတို့နှစ်ဦးတွင် ၃နှစ်အရွယ်ရှိသော သမီးကလေးတစ်ယောက်စီရှိကြသည်။ ထိုကလေးနှစ်ဦးမှာကား အရင်းနှီးဆုံး သူငယ်ချင်းများဖြစ်ကြပြီး တစ်ဦးနှင့်တစ်ဦး မျက်စေ့အောက်က အပျောက်မခံကြပေ။ သူတို့နှစ်ဦးသည် တစ်နေ့လုံး ပျော်ရွှင်ချမ်းမြေ့စွာ ကစားကြသည်။ သူတို့ကို စောင့်ကြည့်ရင်း ကျွန်ုပ်တို့ လူကြီးများအနေဖြင့်လည်း ထိုသို့သော အပြန်အလှန်လက်ခံမှုမျိုး ရှိသင့်သည်ဟု ယူဆမိသည်။ အခြားသူတစ်ဦးအား လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ချစ်ခြင်းမေတ္တာဖြင့် ထုံမွမ်းသောသဘောထား ရှိသင့်သည်ဟု ထင်မြင်မိသည်။ သူတို့မိခင်များ အချင်းချင်းမေတ္တာဖြင့် ထုံမွမ်းသောသဘောထားရှိသင့်သည်ဟု ထင်မြင်မိသည်။ သူတို့မိခင်များ အချင်းချင်း စိတ်ဝမ်းကွဲသော်လည်း ထိုစိတ်ဝမ်းကွဲမှုက သူတို့၏ ခင်မင်မှုအပေါ်သြဇာသက်ရောက်ခြင်း မရှိကြပေ။ သူတို့၏ မိခင်များနှင့် သူတို့အတွက် မည်သူကပို၍ ရင့်ကျက်သနည်းဟူသည်ကား စဉ်းစားစရာပင် ဖြစ်တော့သည်။

## အံ့သြစိတ်ကိုမျှဝေခြင်း

အံ့သြစိတ်ကို မျှဝေခြင်းသည် ပျော်ရွှင်မှုကိုမျှဝေခြင်း၊ ဝမ်းနည်းပူဆွေးမှုကို မျှဝေခြင်း သို့မဟုတ် စွန့်စားမှုကို မျှဝေခြင်းတို့ကဲ့သို့ပင် ဆက်ဆံရေးတည်ဆောက်မှု တစ်ခုပင်ဖြစ်ပါသည်။

ကျွန်ုပ်၏ ကလေးဆန်ဆန် ချစ်ဖို့ကောင်းသော သူငယ်ချင်းတစ်ဦးက သူ၏မိသားစုအား ညသန်းကောင်အချိန်တွင် နှိုး၍ သူမတွေ့မြင်ရသော ဥက္ကာပျံကြွေကျသည်ကို ပြသခဲ့သည်။

လွန်ခဲ့သော ၂နှစ် နွေရာသီတွင် ဥက္ကာပျံကြွေကျသည်ကို စောင့်ကြည့်သော ပရိသတ်များနှင့် စည်ကားနေခဲ့သည်။ ဥက္ကာပျံသည်နံနက် ၂နာရီခန့်တွင် ကြွေမည်ဟု ခန့်မှန်းရသည်။ ကျွန်ုပ်က စောင့်များကိုခွာကာ အိမ်ရှေ့မြက်ခင်းပေါ်တွင် ဖြန့်ခင်းပြီး အိမ်သားများကို နှိုးလိုက်သည်။ ကလေးများက “မေမေ သမီးတို့အိပ်ရာက ထရမှာလား” ဟုမေးကြပါသည်။ ကျွန်မက “အေး သားတို့သမီးတို့ အကုန်ကြည့်ရမယ်။ မေမေလည်း ဥက္ကာပျံကြွေတာကို တစ်ခါမျှ မမြင်ဖူးဘူး။ သားတို့ သမီးတို့အားလုံးကိုလည်း မေမေမြင်စေချင်တယ်” ဟုပြောလိုက်ပါသည်။

ထိုနောက် ကျွန်ုပ်တို့ မိသားစုအပြင်သို့ ထွက်ကာ ခင်းထားသော စောင့်များပေါ်တွင်ထိုင်၍ စောင့်ကြည့်နေကြပါသည်။ စောင့်ကြည့်နေကြသော်လည်း ဥက္ကာပျံကား မကြွေပါ။ ကြယ်များကား တောက်ပစွာလင်းလက်နေကြပါသည်။ နောက်ဆုံးတွင် ဥက္ကာပျံစပြီး ကြွေကျပါတော့သည်။ ရင်သပ်ရှုမောအံ့သြစွာပင်။ ယင်းသည် ကျွန်ုပ်တို့မိသားစုအတွက် ထာဝရအမှတ်တရ ညဖြစ်နေပါလိမ့်မည်။ မိသားစုအတွက် အလွန့်အလွန်ထူးခြားသော အချိန်ကာလတစ်ခု ဖြစ်နေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကလေးများနှင့် အံ့သြမှုကို မျှဝေခြင်းအတွက် အချိန်ရှည်ကြာစွာယူရန် မလိုအပ်ပါ။ အမျိုးသားတစ်ဦးက ရေးသားသည်မှာ

ကျွန်တော့်အတွက် အရေးကြီးဆုံး အချိန်တစ်ခုက ကလေးငယ်တစ်ဦးနှင့် အတူရှိခဲ့သောအချိန် ဖြစ်သည်။ ကျွန်ုပ်၏ ၃နှစ်သမီးမြေးကလေးက ကျွန်ုပ်၏လက်ကိုဆွဲကာ “ကဲ သမီးတို့အပြင်ထွက်ပြီး ကမ္ဘာကြီးကို ကြည့်ရအောင်” (အိမ်နောက်ဘက်) ဟုပြောသည်။ အိမ်နောက်ဘက်ကို လှည့်ပတ်ကြည့်ပြီးသောအခါ သူမက “သမီး ဖိုးဖိုးကိုသိပ်ချစ်တာပဲ” ဟုပြောပါသည်။

## ပျော်ရွှင်မှုဖြစ်စဉ်ကို သင်ကြားပေးသော ကျွန်ုပ်တို့ဝန်းကျင်ရှိကလေးများ

## ထိတွေ့ခြင်း

ကျွန်ုပ်၏အတွေ့အကြုံများအရ ထိတွေကခြင်းသည် ကျွန်ုပ်အား စိတ်သက်သာရာ ရစေကြောင်း သိရှိခဲ့ရသည်။ တစ်နံနက်တွင် ကျွန်ုပ်၏ နံနက်ခင်း စနာရီစာသင်ချိန်အတွက် အိမ်မှထွက်ရန် အဆင်သင့် ဖြစ်နေပေပြီ။ ကျွန်ုပ်အတွက် အရာတိုင်းအလျင်စလို ဖြစ်နေပါသည်။ အထွက်တွင် ဇနီးသည်ကို အလိုအလျောက် အရင်စလိုနမ်းလိုက်သည်။ သို့သော် သူမက ကျွန်ုပ်အား အိမ်တံခါးအပြင်ဘက်တွင်အမှီလိုက်ပြီး "မဖက်ရသေးဘူးလေ" ဟုပြောကာ ဖက်ပါသည်။ ထိုသို့ ပွေ့ဖက်နှုတ်ဆက်လိုက်ခြင်းကား ထိုတစ်နေ့တာအတွက် ကျွန်ုပ်အားတည်ငြိမ် အေးချမ်းမှုအသစ်တစ်ခုကို ရရှိစေခဲ့ပါသည်။

လူကြီးများ အသက်ရှင်သန်ရေးအတွက် အဆိုပါလိုအပ်ချက်များကို ကလေးငယ်များပင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ကြပါသည်။

ကျွန်ုပ်တို့သည် ထိတွေ့အားပေးခြင်းဟူသော အာဟာရကိုပုံမှန် စားသုံးနေလျှင် မည်သို့ဖြစ်မည်နည်း။ ယင်းသို့သော စိတ်အာဟာရချို့တဲ့မှုနှင့် စိတ်ဆာမပြေမှုတို့ကို တွေ့ကြုံရလေ့ရှိပါသည်။ ကလေးအများစုကား စိတ်အာဟာရချို့တဲ့မှုကို တွေ့ကြုံကြရပါသည်။ ကလေးများကို များသောအားဖြင့် ဝမ်းဗိုက်ကိုသာ ထိတွေ့ကြသည်။ မွေးစကလေးငယ်တစ်ဦးကို ပုံမှန်ထိတွေ့ပေးကြသည်။ (အနီးလဲခြင်း၊ အစာကျွေးခြင်း၊ ပွေ့ပိုက်ခြင်း) ကလေးငယ်တစ်ဦးအတွက်မှု လူကြီးများအတွက် ဆွဲဆောင်စွမ်းရှိကြသဖြင့် လူကြီးများ၏ ထိတွေ့မှုကို အဆက်မပြတ်ရရှိကြသည်။ အနည်းငယ်ကြီးလာသော ကလေးများမှာမူ လူကြီးများအတွက် သိပ်ပြီးဆွဲဆောင်မှု မရှိလှတော့။ ထို့ကြောင့်သူတို့အနေဖြင့် ထိတွေ့ခံရမှုနည်းလာသည်။ သူတို့အလယ်တန်းအရွယ်၊ ပျိုဖော်ဝင်စ အစောပိုင်းကာလများတွင်မူ သူတို့သည် လိုချင်သော ထိတွေ့မှုကို ရန်လိုသောကြမ်းတမ်းသော အပြုအမူဖြင့် ပြလေ့ရှိသည်။ (သူငယ်ချင်းတစ်ဦးကို ကျောကုန်းအားရိုက်လိုက်ခြင်း၊ တွန်းခြင်း၊ လက်သီးနှင့် မနာမကျင်ထိုးခြင်း)

လူကြီးများသည် စခန်းများ သို့မဟုတ် အစည်းအဝေးများတွင် ထိတွေ့ခြင်း၊ ပွေ့ဖက်ခြင်းများစွာ ရရှိကြသဖြင့် ထိုသို့သော ထိတွေ့မှုဆုံးရှုံးခြင်းမျိုးကို ပြန်လည်ခံစားရရှိကြသည်။ ထို့နောက် ထိတွေ့မှုကင်းမဲ့သော လောကကြီးထဲသို့ ပြန်လည်ရောက်ရှိကြရပြန်သည်။ ထိုပြဿနာမျိုးကို လူကြီးတစ်ဦးက ပြောပြသည်မှာ

ကော်လိုရာဒိုရှိ နွေရာသီစခန်းတစ်ခုတွင် အသက် ၉နှစ်မှ ၁၁နှစ်အရွယ်ရှိ မိန်းကလေးများနှင့် စခန်းချပွဲပြုလုပ်စဉ်က ကျွန်ုပ်တို့က ငြင်းပယ်ထားသော်လည်း ကျွန်ုပ်တို့ ကိုယ်ခန္ဓာက နေ့စဉ်အာဟာရဓါတ်ကို ကျွန်ုပ်လေ့လာသိရှိခဲ့ရသည်။ ထိုစခန်းတွင် နေ့စဉ်နေ့တိုင်း တင်းကျပ်သော ပွေ့ဖက်နှုတ်ဆက်မှုများကို တစ်နေ့လုံးနီးပါး ရရှိခဲ့ရသည်။ နွေရာသီစခန်းချပွဲ ပြီးဆုံး၍ အဆိုပါတောင်တန်းများပေါ်မှာ ထွက်ခွာခဲ့ရသောအခါ နေ့စဉ်ပွေ့ဖက်မှုများ ပျောက်ဆုံးခဲ့ရသဖြင့် ထိတ်လန့်တုန်လှုပ်မှုကို ကျွန်ုပ်ပြင်းပြစွာ ခံစားခဲ့ရသည်။ လူကြီးများကို ပွေ့ဖက်ရန် မသင့်တော်ပါဟူသော လူတိုင်း၏ပညတ်ချက်သည် အဘယ်မျှဝမ်းနည်းဖွယ် ကောင်းလိုက်ပါသနည်း။

ကလေးငယ်များအတွက် ချစ်ခြင်းမေတ္တာကို ပွေ့ဖက်ခြင်းဖြင့် ပြသရန်လိုအပ်သည်။ စည်းကမ်းနှင့် ပတ်သက်သော ပြဿနာရှိသောကလေးတစ်ဦးကို ကျွန်ုပ်သိခဲ့သည်။ သူ့တွင် စိတ်ကျဉ်းကျပ်မှု ခံစားနေရလျှင် ကျွန်ုပ်တို့က သူ့အားပွေ့ဖက်နှစ်သိမ့်ပေးလိုက်ခြင်းဖြင့်သူစိတ်သက်သာရာ ရရှိသွားသည်။

ဆက်ဆံရေးတစ်ခုတွင် ပေါ့ပါးသောပုတ်ခတ်ပေးခြင်းတစ်ခုကပင်လျှင် သစ်လွင်သော နီးကပ်ထိစပ်မှုကို ပြန်လည်ဖြစ်ပေါ်စေသည်။

ကျွန်ုပ်တွင် မေရီဆူး (Mary Sue) ဟုခေါ်သော ၂နှစ်သမီးတူမကလေး တစ်ဦးရှိသည်။ သူမသည် အလွန်ရှင်းလင်းပြည့်စုံစွာပြောတတ်သည်။ သူမအား သွားကြားထိုးတံများကို ပါးစပ်ထဲသို့ မထည့်ရန် မကြာခဏသတိပေးရသည်။ တစ်နေ့တွင် မေမေက ကိတ်မုန့်ဖုတ်နေသည်။ မေမေ့ပါးစပ်ထဲတွင် သွားကြားထိုးတံတစ်ချောင်းကို ကိုက်ထားသည်ကို မေရီဆူးက ရုတ်တရက် သတိပြုမိသည်။ သူမက "ဖွားဖွား သွားကြားထိုးတံကို ထွေးထုတ်လိုက်။ သိပ်ရွံဖို့ကောင်းတယ်" ဟုပြောလိုက်သည်။ မေမေက သူမကို ပွေ့ချီရယ်မောလိုက်ပါသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် မေရီဆူးက မေမေ့ခြေထောက်ကကိုဖက်ပြီး "ဖွားဖွားကို ဒီလိုအော်မိတာ တောင်းပန်ပါတယ်" ဟုပြောလိုက်ပါသည်။

ထို့နောက်တွင်မူ သူမ၏ မိခင်နှင့်မေမေတို့ နှစ်ဦးစလုံး အားရပါးရရယ်မော လိုက်ကြပါသည်။ သို့ရာတွင် ဤသို့ မပြောပလောက်သော ဖြစ်ရပ်ကလေးတစ်ခုမှ ကျွန်ုပ်သင်ခန်းစာရလိုက်သည်မှာ သူတို့အား အပြစ်ပေးသည့် အနေဖြင့်အော်ငေါက်ခြင်း၊ အပြစ်တင်ခြင်းကို ကလေးငယ်အများစု သဘောမတူကြခြင်းကိုပင် ဖြစ်ပါသည်။ သူတို့အား အော်မိ၊ ငေါက်မိလျှင်လည်း အဘယ်ကြောင့်ဟူသည်ကို ရှင်းပြတောင်းပန်စကားဆိုပေးသင့်ကြပါသည်။

ပခုံး/ကျောကို ပုတ်ပေးခြင်းသည် အရေးကြီးသည်။ ဖွားဖွားအား သူမ၏အပြုအမူကို လက်မခံနိုင်သော်လည်း သူမက ဖွားဖွားအားလက်ခံကြောင်းကို ပြသရန် မေရီဆူးက ဤနည်းကိုအသုံးပြုခဲ့သည်။ ၂နှစ်ပင်ရှိသေးသော်လည်း လူပုဂ္ဂိုလ်နှင့် ပြဿနာတို့၏ အကြားရှိ ကွာခြားချက်ကို သူမကောင်းစွာ ခွဲခြားနားလည်နိုင်စွမ်းရှိပါသည်။

## ရယ်မောလိုစိတ်နိုးကြွခြင်း

ကျေးဇူးတော် ညစာစားပွဲတွင် ကျွန်ုပ်တို့မိသားစုသည် ထမင်းစားပွဲပတ်လည်တွင် ကျေးဇူးတော် ဆုတောင်းစကားကို ပြောကြရသည်။ ကျွန်ုပ်၏ ညီမလေး ၄နှစ်သမီးအရွယ်တွင် သူမက ကျေးဇူးတော်စကားပြောသည်မှာ သူမသည် ကြက်ဆင်သားစားရသဖြင့် ဘုရားသခင်ကို ကျေးဇူးတော်တင်ကြောင်းပြောပါသည်။

ကလေးငယ်တစ်ဦး အခန်းတွင်းသို့ဝင်ရောက်လာသောအခါ အခန်းထဲရှိလူတိုင်းပင် ဝမ်းမြောက်ဝမ်းသာ ခံစားကြရသည်မှာ အများသိသော အချက်တစ်ခုဖြစ်သည်။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ကလေးများ ကိုယ်တိုင်က အကောင်းမြင်တတ်ပြီး ဝမ်းမြောက်တတ်ခြင်းနှင့် ချီးမွမ်းတတ်ခြင်းတို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ သဘာဝအရ လူကြီးများသည် ရယ်မောခြင်းကို မြတ်နိုးတတ်ကြပါသလား။ အချို့ကလေးများက ထိုကိစ္စကို သံသယရှိကြသည်။ ပူပန်ကြသည်။

ကျွန်ုပ်၏ ၅နှစ်သမီးကလေးနှင့် ကျွန်ုပ်တို့ကြီးပြင်းခြင်း၏ အကြောင်းများကို ပြောဖြစ်ကြသည်။ ထိုသို့ ကလေးတစ်ဦးအား လူကြီးတစ်ဦး၏ ပြောပြနေသော အမြင်ကိုကျွန်ုပ်ကိုယ်တိုင်ပင် အံ့သြမိသည်။ သူမက သူမသည် လူကြီးမဖြစ်ခြင်းကြောင့် အဘယ်ကြောင့်ဆိုသော် လူကြီးဖြစ်လာလျှင် ရယ်မောခြင်းမပြုရမည်ကို စိုးရိမ်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

တစ်ခါတစ်ရံ ကလေးများဖြစ်စေ လူကြီးများဖြစ်စေ ပြုံးရင်း ကစားရင်းအတူတကွ ရယ်မောခြင်းပြုကြသည်။ အာသာနော်မန်ကာစင် (Author Morman Cousins) က အူလှိုက်အသည်းလှိုက် ရယ်မောတတ်သူကို "အတွင်းစိတ်ရှင်မြူး" ဟုခေါ်ဆိုသည်။

ကလေးအများစုတွင် ကျွန်ုပ်အနှစ်သက်ဆုံးအရာမှာ အရာတိုင်းကို အလုံးစုံစွန့်လွှတ်၍ ချဉ်းကပ်နိုင်စွမ်းပင် ဖြစ်သည်။ သူတို့ပြုလုပ်မည့်ကိစ္စ၊ သူတို့ဝန်းကျင်တွင် ဖြစ်လာမည့် ကိစ္စများတွင်သာ လုံးလုံးလျားလျား အာရုံစူးစိုက်ပုံရကြသည်။ ထိုသို့သော စွမ်းအားများကျွန်ုပ်တွင် ဆုံးပါးသွားပြီဟု ခံစားရလေ့ရှိသည်။ ကျွန်ုပ်၏ဘဝတွင် လင်ယောကျ်ား၊ သားသမီးများ၊ အလုပ်၊ ကျောင်းနှင့် ကိုယ်ပိုင်ကိစ္စစသည်တို့ဖြင့် ပြည့်နှက်နေပြီး ထိုကာလများကို သတိမမူမိဘဲ ကျော်လွှားလွန်မြောက် သွားစေချင်ခဲ့မိသည်။ ကလေးတစ်ဦး၏ ဘဝအမြင်များကို ပြန်ရယူလိုစိတ် ဖြစ်ပေါ်ခဲ့မိသည်။

ဒေါက်တာ အဲလ်ဘတ်ထ်ရွိုက်ဇာ (Dr. Albert Schweitzer) သည်ထူးခြားသော ကလေငယ် နှလုံးသားမျိုးရှိသည့် လူကြီးတစ်ဦးဖြစ်သည်။ အာဖရိကရှိ ရွိုက်ဇာ ဆေးရုံသို့သွားရောက်လည်ပတ်ခဲ့ရသည့်အကြောင်းကို နော်မန်ကာစင်က ပြောပြခဲ့သည်။

ညစာစားချိန်တွင် ရယ်မောခြင်းသည် အလွန်အရေးကြီးဆုံး ကိစ္စတစ်ခုဖြစ်သည်။ ဥပမာ အစားစားချိန်တစ်ခုတွင် "အားလုံးသိကြတဲ့အတိုင်းပဲ ဒီဆေးရုံဝန်းကျင် ၇၅မိုင်ပတ်လည်မှာ မော်တော်ကား ၂စီးပဲရှိတယ်။ ဒီနေ့မွန်းလွဲပိုင်းမှာ အဲဒီကား ၂စီးတိုက်မိတဲ့အဖြစ် ထူးထူးဆန်းဆန်း ဖြစ်ပျက်သွားတယ်။ ဒရိုင်ဘာတွေကိုတော့ ငါတို့ကုပေးပြီးပါပြီ။ ဒါပေမဲ့ အဲဒီရှားပါးတဲ့ ကား၂စီးကိုတော့ သူတို့ကို လေးစားကြည်ညိုသူတွေက ကုပေးကြပါလိမ့်မယ်" ဟုဒေါက်တာ ရွိုက်ဇာကပြောလိုက်လေသည်။

နောက်နေ့နံနက်တွင် သူ၏အိမ်ဘေးတွင် ဝပ်ကျင်းပြုလုပ်ထားသော ကြက်မကြီးအက်ဒ်နာမှာ ကြက်ကလေး ၆ကောင်ပေါက်သည့်သတင်းကို ရွိုက်ဇာက

"အလိုလေး ဒီကြက်မကြီး ဖွမှာဖူးပေါက်တာ ငါသိပ်အံ့သြတာပဲ" ဟုဟာသအဖြစ်ပြောလိုက်ပါသည်။

အဆိုပါ ဆေးရုံတွင် ရယ်မောခြင်းသည် ထူးခြားသောအာဟာရ ဆေးတစ်ပါးဖြစ်ပါသည်။

သိမြင်နားလည်းစိတ်ပြန်လည်ရရှိခြင်း

အချို့လူကြီးများသည် ကလေးများထဲမှ ပြန်လည်သင်ယူတတ်ကြပြီး အချို့လူကြီးများက သင်ယူခြင်းမရှိကြသည်ကို ကျွန်ုပ်တစ်ခါတစ်ရံ သံသယဖြစ်ခဲ့မိသည်။ အဆိုပါ သင်ယူမှုတွင် ထုတ်ဖော်ပြောတတ်သော ကလေးတစ်ဦးနှင့် ကလေးပြောတိုင်း လိုက်နာရန် နှိမ့်ချတတ်သော လူကြီးတစ်ဦးလိုသည်။ အဆိုပါ ဆက်စပ်မှုကို အောက်ပါအဖြစ်အပျက်တွင် တွေ့မြင်နိုင်သည်။

ဂျင်ရယ်မီ၏ မူကြိုကျောင်းတက်သည့် ပထမဆုံးနေ့ဖြစ်ပါသည်။ သူတို့မိသားစုသည် မြို့သစ်တစ်မြို့သို့ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ကျောင်းကိုလည်း တစ်နှစ်ရပ်နားထားရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျောင်းတက်စတွင် ဂျယ်ရယ်မီ (Jeremy) သည် သူ့ကိုယ်သူကြောက်စိတ်ဝင်ကာ နှုတ်ဆွံ့နေခဲ့သည်။ ဆရာက သူ့အားမတ်တပ်ရပ်၍ စကားပြောခိုင်းသောအခါ စကားပြော၍ မထွက်တော့ပေ။ ၃နှစ်ခွဲသာရှိသေးသော ဂျယ်ရယ်မီခင်ဗျာ ကလေးနှစ်ဆယ်က စိုက်ကြည့်နေသောအချိန်တွင် မတုန်မလှုပ်ဘဲ မတ်တပ်ရပ်နေခဲ့မိသည်။ ထိုစဉ်တွင်ပင် ၃နှစ်ခွဲအရွယ် ယောကျ်ားလေးတစ်ဦးက ထလာကာ ဂျယ်ရယ်မီ၏ ဘေးတွင် မတ်တပ်ရပ်လိုက်ပြီး "မစ္စက် ဝေါ့ကာ (Mrs. Waller) သူ့ကို မပြောခိုင်းဘဲ ထားပါဦး။ သူက ဒီနေ့မှ ကျောင်းတက်တာဆိုတော့ ရှက်နေမှာပေါ့" ဟူ၍ပြောလိုက်သည်။ သူပြောသည်မှာ မှန်သဖြင့် နောက်တစ်ယောက်ကို ဆက်မေးခဲ့ကြောင်း မစ္စက်ဝေါ့တာက နောင်တွင်ပြန်၍ ပြောပြပါသည်။ နှိမ့်ချတတ်သော၊ ပွင့်လင်းတတ်သော လူကြီးတစ်ဦးအနေဖြင့် သူမအနေဖြင့် ပို၍သိမြင်နားလည်တတ်ရန် လေ့လာသင်ယူ ရရှိခဲ့ပါသည်။ ကလေးငယ်သည် ဂျယ်ရယ်မီ၏ လိုအပ်ချက်ကို ပို၍သိသော မစ္စက်ဝေါ့ကာ၏ ဆရာဖြစ်ပေသည်။ ထို့ပြင် ဂျယ်ရီမီအတွက် ခုခံလျှောက်လှဲပေးဝံ့သောသတ္တိလည်း ရှိသူဖြစ်သည်။

ကလေးငယ်တစ်ဦးက သူတို့၏ခံစားမှုများကို သိမြင်တတ်သဖြင့် အခြားသူများ၏ ခံစားချက်ကို သိမြင်နားလည်တတ်ရန်

သင်ယူရရှိခဲ့ကြောင်း လူကြီးများစွာက ကျွန်ုပ်ကိုပြောပြကြပါသည်။ နမူနာတစ်ခုမှာ

ကျွန်ုပ်၏ ခင်ပွန်းသည်က အရက်ဖြတ်သည့် ဆေးရုံတစ်ခုတွင် ရောက်ရှိနေသည်။ ကျွန်ုပ်မှာ စိတ်ရှုတ်ထွေးနေပြီး မိမိ၏ခံစားချက်များကိုပင် နားလည်နိုင်စွမ်း မရှိတော့ပါ။ ကျွန်ုပ်၏ ၃နှစ်အရွယ် သားငယ်ကလေးကို ကားနောက်ခန်းတွင်ထားရင်း ကားမောင်းလာခိုက်တွင် သူက "ကျွန်တော့်စိတ်တွေ ရှုတ်နေတယ်။ ချာလည်ချာလည်ဝဲလို့ကွယ်" ဟုသီချင်းတစ်ပုဒ်ကို လက်တန်းစပ်၍ ဆိုနေသံကို ကြားရပါသည်။ ကျွန်ုပ် ရုတ်တရက်သတိရသွားမိသည်။ ကိုယ်သောကနှင့်ကိုယ်ဖိစီးနေသဖြင့် ကျွန်ုပ်၏ ခံစားမှုကို သားငယ်အား ပြောမပြသည့်ပြင် သူဘယ်လိုခံစားနေရကြောင်းကိုလည်း မမေးဖြစ်ခဲ့ပါ။

ကလေးငယ်များနှင့် လူကြီးများသည် မတူညီသောအရာများ သိမြင်နားလည်လေ့ရှိကြသည်။

## ခွင့်လွှတ်ခြင်း

ဖော်ပြမည့် မိဘတစ်ဦးသည် အလွန်ကျွမ်းကျင်သော ဆရာတစ်ဦးဖြစ်သည်။

သမီးကြီးက သမီးငယ်အား နာကြင်အောင် လုပ်ခဲ့သဖြင့် သမီးကြီးကို စည်းကမ်းသတ်မှတ်သောအခါ ထိုသို့မပြုလုပ်ရဟု ပြောသောအခါ သူမက သူမ၏ စွဲလန်းဆုံးပစ္စည်းဖြစ်သော သူမ၏စောင်ကို ပေးရန်ငိုယိုတောင်းဆိုပါသည်။ သူမအား စောင်ကို အတန်ငယ်ကြာသည်အထိ မပေးဘဲထားလိုက်ပါသည်။ ထိုအခါ သမီးကြီး၏ အနိုင်ကျင့်ခြင်းကို ခံရသောသမီးငယ်လေးက အကြီးတောင်းသောစောင်ကို ယူလာ၍ပေးလိုက်ပါသည်။

ကျွန်ုပ်တို့သည် အမြန်ဖျော်၍ရသောကော်ဖီ အမြန်ရသော အစားအစာနှင့် အမြန်သုံးဆောင်နိုင်သော အာဟာရများဖြင့် ပြည့်နက်နေသော ကမ္ဘာကြီးအတွင်း နေထိုင်နေကြရသည်။ အဆိုပါ အလျင်အမြန်၊ ချက်ချင်း ရရှိမှုများကို ကျွန်ုပ်တို့လိုချင်ကြသည်။ သို့သော်ချက်ချင်း ခွင့်လွှတ်တတ်ရေး၊ အလျင်အမြန် ပေါင်းစည်းရေးနှင့်ဒေါသများကို သင်ပုန်းချေရေးတို့အတွက် မည်သူက တိုက်တွန်းနှိုးဆော်ပေးပါသနည်း။ ဘုရားသခင်နှင့် ကလေးငယ်များပင် ဖြစ်ပါသည်။ အဆိုပါ မိဘသည် အလျင်အမြန်ခွင့်လွှတ်နိုင်စွမ်းကို သူမ၏ ကိုယ်ပိုင်ကလေးဘဝမှ သင်ယူရရှိခဲ့ခြင်း ဖြစ်ပါသည်။

လူကြီးများသည်လည်း ကလေးငယ်များ ပြုလုပ်နိုင်စွမ်း ရှိသကဲ့သို့ လွယ်ကူစွာခွင့်လွှတ်တတ်ရန် မေ့ပျောက်တတ်ရန် သင်ယူသင့်ကြသည်။ မေမေက ကျွန်ုပ်ငယ်စဉ်က အဖြစ်တစ်ခုကို ပြောပြခဲ့သည်။ ကျွန်ုပ်ငယ်စဉ်က သူငယ်ချင်းတစ်ဦးက ရိုက်သောကြောင့် ငိုပြီးအိမ်သို့ ပြန်လာခဲ့သည်။ မေမေက ကျွန်ုပ်အား နှစ်သိမ့်စကားပြောပြီး သူငယ်ချင်းကို ပြန်မရိုက်ရန် အတူတူတဲ့အောင်နေရန် ဆုံးမပါသည်။ ထိုအချိန်တွင်ပင် တံခါးခေါက်သံကြား၍ ဖွင့်ပေးလိုက်ရာ ကျွန်ုပ်ကိုရိုက်သော သူငယ်ချင်းက ကစားချင်၍ လာခေါ်နေခြင်းဖြစ်သည်။ ကျွန်ုပ်သည် မေမေ့ပေါင်ပေါ်မှာ ခုန်ဆင်းကာ သူငယ်ချင်းနှင့်အတူ ကစားရန် ပြုံးပြုံးကြီးလိုက်သွားကြောင်း မေမေကပြောပြပါသည်။

ခွင့်လွှတ်မှုတစ်ခုကို အလျင်အမြန် ပြုလုပ်သော်လည်း တောင်းပန်စကားပင်ဆိုရန် မလိုအပ်ကြောင်းကို သင်သတိထားမိပါသလား။

## ကလေးတစ်ဦး၏အကူအညီဖြင့်သောကပြောလျော့ခြင်း

မိနစ်အနည်းငယ်အတွင်းတွင်ပင် သောကပွား၍ ငိုပြီးသည့်အခြေအနေမှ ပျော်ရွှင်ရယ်မောတတ်သည့် အခြေအနေသို့ ပြောင်းလဲနိုင်စွမ်းရှိသည်ဆိုပါက ဤသို့ဖြစ်မြောက်နိုင်မှုကို မည်သည့်အရာက စွမ်းဆောင်ပေးသနည်း။ ဂရုစိုက်တတ်သော ကလေးတစ်ဦး၏ ကြားဝင်ဖြေရှင်းပေးပုံမှာ ဤသို့ဖြစ်သည်။

ကျွန်မနှင့်စေ့စပ်ထားသူသည် အခြားမြို့တွင် အလုပ်လုပ်နေသည်။ သူသွားသည်မှာ တစ်လခန့်ရှိပြီဖြစ်သည်။ ခရစ္စမတ်နှင့် ကျွန်မ၏ မွေးနေ့ပွဲလည်း နီးကပ်လာချေပြီ။ သို့သော် ထိုကိစ္စများကို ကျွန်မစိတ်မဝင်စားနိုင်ဘဲ တစ်ဦးတည်းအထီးကျန်နေပြီး စိတ်ဓါတ်ကျနေခဲ့မိသည်။

ကျွန်မသည် ၁နှစ်ခွဲမှ ၃လအထိ အရွယ်ရှိကြသော ကလေးငယ်များနှင့် အလုပ်လုပ်နေသူဖြစ်ပါသည်။ ကျွန်မသည် ကလေးငယ်တစ်ဦးကိုဖက်၍ ကုလားထိုင်တစ်လုံးတွင် ထိုင်ကာဝမ်းနည်းနေမိသည်။ မျက်ရည်များလည်း စီးကျလာခဲ့သည်။ ကျွန်မဖက်ထားသောကလေးငယ်က "ဘာဖြစ်လို့လဲဟင်" ဟုမေးပါသည်။ ကျွန်မက "ဝမ်းနည်းလို့ပါ" ဟုဖြေပါသည်။ ကလေးငယ်က "ဘာဖြစ်လို့ဝမ်းနည်းရတာလဲ။ သားက ဆရာမကို ချစ်ပါတယ်" ဟုပြောလိုက်ရာ ကျွန်မက သူ့ကိုတင်းကျပ်စွာ ပွေ့ဖက်ရယ်မောမိလိုက် ပါသည်။ ထိုနေ့မှစ၍ ကျွန်မခရစ္စမတ်ပွဲတွင် အာရုံစူးစိုက်လာနိုင်ပါတော့သည်။

ကလေးများသည် ကျွမ်းကျင်သော နှစ်သိမ့်ပေးတတ်သူများ ဖြစ်ပါသည်။ သူတို့၏ နှစ်သိမ့်တတ်မှုက ကျွန်ုပ်တို့၏ သောကများကိုလျော့ပါးစေရန် အထောက်အကူပြုပါသည်။

ကလေးများသည် နှစ်သိမ့်ပေးတတ်ရုံမျှမက သေခြင်းတရားကို လွယ်ကူစွာလက်ခံတတ်ကြောင်း ကျွန်ုပ်လေ့လာသိရှိခဲ့ရသည်။

ကျွန်ုပ်၏ မေမေသည် လွန်ခဲ့သော ၃နှစ်က ကွယ်လွန်သွားခဲ့သည်။ ထိုစဉ်က ကျွန်ုပ်၏ ကလေးများနှင့် ကျွန်ုပ်တို့ အပြန်အလှန်ဖေးမ နှစ်သိမ့်ခဲ့ကြသည်။ သူတို့က မေမေ/သူတို့၏ ဖွားဖွားသည် ခရစ်တော်နှင့်အတူရှိနေပြီး ခရစ်တော်က အရာတိုင်းကို ထိန်းချုပ်ထား သည်ဟု သူတို့ခိုင်မာစွာ ယုံကြည်ကြသည်။ အလွန်ချစ်စရာကောင်းသော အတွေ့အကြုံတစ်ခုပင် ဖြစ်တော့သည်။

ကလေးများက လူကြီးများအား ဘုရားသခင်ကို ယုံကြည်ရန်သင်ကြားပေးကြပါသည်။

## ဝမ်းနည်းကြေကွဲမှုအတွက် အကူအညီရှာဖွေခြင်း

အောက်တွင်ဖော်ပြသည့် အကြောင်းအရာမှာ ကလေးနှစ်သိမ့်ဆွေးနွေးအကြံပေးသူ တစ်ဦးအကြောင်းဖြစ်ပါသည်။

၂၈လသား (၂နှစ်နှင့် လေးလ) ယောကျာ်းကလေးတစ်ဦးက သူ၏ ၁၄လသား (တစ်နှစ်နှင့် နှစ်လ) ညီကလေးငိုသံကို ကြား လိုက်ရသည်။ သူက ညီလေး၏အခန်းထဲသို့ ဝင်သွားကာ "ညီလေး မင်းဘာဖြစ်သလဲဆိုတာ ပြောပြချင်သလား" ဟုမေးလိုက်သည်ဟူ ၏။

ပူဆွေးသောက ရောက်နေသော မိခင်ကို ၃နှစ်သားကလေးငယ်က ကူညီဖြေသိမ့်ပေးနိုင်ပါသည်။

၃နှစ်အရွယ်သာ ရှိသေးသော ကျွန်ုပ်၏ သမီးငယ်ကလေးကို ဘုရားသခင်က စောင့်ရှောက်နေခြင်းအား ကျွန်ုပ်နက်နဲစွာလေ့ လာသိရှိခဲ့ပါသည်။ ကျွန်ုပ်၏ မိခင်ကြီးဆုံးပါးကာစက ဖြစ်ပါသည်။ ကျွန်ုပ်၏အမြင်တွင် အသက် ၅၆နှစ်သာရှိသေးသော မေမေအဖို့ ငယ်လွန်းသေးသည်ဟု ထင်မိသည်။ သူမအနေဖြင့် ဘုရားသခင်ရှေ့တော်မှောက် ရောက်ရှိသွားပြီဟုလည်း ကျွန်ုပ်ယုံကြည်မိပါသည်။ ကျွန်ုပ်တွင် သောကမီးဖိစီးနေပြီး အကြီးမားဆုံးသော ဆုံးရှုံးမှုကြီးတစ်ရပ်ကို ခံစားနေခဲ့ရသည်။ အခန်းအနားတစ်ခုတွင် ကြားရသော ဂီတသံတစ်ခုက ကျွန်ုပ်၏စိတ်နှလုံးကို နာကြင်ကြေကွဲစေပါသည်။ သမီးလေးက ကျွန်ုပ်ငိုသည်ကို မြင်သွားသည်။ သူမက ကျွန်ုပ်ထံ ရောက်လာပြီး သူမ၏လက်ကလေးများဖြင့် သိုင်းဖက်လိုက်ပြီး သူမ၏ ကစားစရာ တယ်လီဖုန်းလေးကို ကျွန်ုပ်အားလှမ်းပေးကာ "မေမေ့ ကိုတယ်လီဖုန်းပြောချင်လို့တဲ့။ သူက ဂျီးဇက်တဲ့။ သူက ဖွားဖွားကို ကောင်းကောင်းစောင့်ရှောက်ထားတဲ့အကြောင်း ပြောချင်လို့တဲ့" ဟူ ၍ပြောလိုက်ပါသည်။ ထိုအခိုက်အတန့်တွင်ပင် ကျွန်ုပ်ရင်ထဲရှိ မေမေ့အတွက် ခံစားနေရသော အနာအချို့ပျောက်ကင်းသွားပြီဟု ခံစား လိုက်ရပါသည်။

## ဘဝနေနည်းကိုသင်ကြားပေးသောကျွန်ုပ်တို့ဝန်းကျင်ရှိကလေးများ

### လုပ်ရှားရန်၊ကစားရန်၊သီချင်းဆိုရန် ပြန်လည်သင်ယူခြင်း

ကလေးငယ်တစ်ဦးက ကျွန်မနှင့်ကပါ ဟုဖိတ်ခေါ်လာလျှင် ငြင်းဆန်ရန်ခက်ခဲကြောင်း ကခြင်းကို တားမြစ်ခံထားရသော ကောလိပ်ကျောင်းသားတစ်ဦးက ပြောပြပါသည်။

ကျောင်းသားများအား ၎င်းတို့၏ ဝတ်ပြုကိုးကွယ်မှုတွင် ဖွင့်ဟပြောပြရန် ပွင့်လင်းရန် အားပေးခဲ့သည်။ သမ္မာကျမ်းစာကျောင်း တစ်ကျောင်းကို ကျွန်ုပ်ရောက်ခဲ့သည်။ သို့သော် ကျွန်ုပ်တို့အထဲမှ အချို့မှာ ဝတ်ပြုဆုတောင်းချိန်အတွင်း ဝင်ရောက်ခြင်းမပြုရန် ထုံးစံ အရတားမြစ်ခံထားကြရသည်။ ကျောင်းဆင်းသောအခါ မိဘများက ၎င်းတို့၏ ကလေးများကို ဝတ်ပြုဆုတောင်းရန် ခေါ်လာကြသည်။ ကလေးများက ဝတ်ပြုဆုတောင်း သီချင်းသံကြားသည်နှင့် လူသွားလမ်းတွင် သီချင်းနှင့်အတူ ကခုန်ကြ လက်ခုပ်တီးကြကာ ဘုရား သခင်ကို ဂုဏ်ပြုကြပါသည်။ ထို့နောက် လူကြီးများလည်း ကလေးများနှင့်အတူ ဝင်ရောက်လက်ခုပ်တီး ကခုန်ကြကာ ထိုနေ့အဖို့တား မနိုင်ဆီးမရသော ပျော်ရွှင်မှုကို ခံစားလိုက်ကြရပါသည်။

အလုပ်လုပ်ခြင်းနှင့်ကစားခြင်းတို့၏ ခြားနားချက်များကား

| | |
|---|---|
| အလုပ် | – ထုတ်လုပ်မှု/အကျိုးအမြတ်ပေါ်တွင် အာရုံစိုက်သည်။ |
| ကစားခြင်း | – ဖြစ်စဉ်ပေါ်တွင် အာရုံစိုက်သည်။ |
| အလုပ် | – ပန်းတိုင်သည် အရေးကြီးသည်။ |
| ကစားခြင်း | – ခရီးလမ်းက အရေးကြီးသည်။ |
| အလုပ် | – အနာဂတ်အတွက်ဖြစ်သည်။ |
| ကစားခြင်း | – ပစ္စုပ္ပန်အတွက်ဖြစ်သည်။ |
| အလုပ် | – အခြားသူတစ်ဦး၏ ကစားခြင်းဖြစ်သည်။ |
| ကစားခြင်း | – အခြားသူတစ်ဦး၏ အလုပ်ဖြစ်သည်။ |

## ဖန်တီးတီထွင်ခြင်း

ကျွန်ုပ်၏ နေ့ကလေးထိန်းဌာနသို့ နေ့စဉ် နံနက် ၈နာရီအရောက် လာလေ့ရှိသော ၄နှစ်သမီးကလေးတစ်ဦး ရှိသည်။ တစ်နေ့တွင် သူမ၏မိခင်က နံနက် ၇နာရီတွင် အလုပ်တက်ရသည်။ ထို့ကြောင့် သူမကို ၆း၄၅ နာရီတွင် ကျွန်ုပ်ထံသို့ ပို့ခဲ့သည်။ သူမက ကျွန်ုပ်အခန်းထဲသို့ ဝင်လာပြီး "ဒီမနက် နေမထွက်ဘူးနော် ဆရာမ" ဟုပြောလိုက်ပါသည်။

**ဟန်ဆောင်ခြင်း။** ဖခင်တစ်ဦးသည် သူ့သမီးငယ်လေး၏ ဟန်ဆောင်တတ်သော အစွမ်းကြောင့် လှုပ်ရှားတက်ကြွခဲ့ရသည်။

ခရစ္စမတ်မတိုင်မီ တနင်္ဂနွေနေ့က ဖြစ်သည်။ ကျွန်ုပ်၏ ၃နှစ်ခွဲမှ ၄နှစ်ခွဲအရွယ်ရှိ ကလေးများအား အမြော်အမြင်ရှိသော ယောကျ်ားကြီးများက လမ်းလျှောက်စခရစ်တော်ကို လက်ဆောင်ပစ္စည်းပို့ဆက်သည့် ပုံပြင်ပြောပြခဲ့သည်။ ပြီးနောက် ဘူးခွံများကို တစ်ယောက်တစ်ဘူးပေးကာ ဘူးတိုင်းတွင် "ချစ်ခြင်းမေတ္တာလက်ဆောင်" ကိုဖြည့်၍ လက်ဆောင်ထုပ် အလှစက္ကူများဖြင့် ထုတ်၍အလှပန်းကြိုးများဖြင့် ချည်နှောင်ကြသည်။ ကျောင်းဆင်းသောအခါ ကလေးမလေးအား ခေါ်ရန် ကျောင်းခန်းတံခါးဝသို့ သူမ၏ ဖခင်ရောက်ရှိလာခဲ့သည်။ ကလေးမလေးက လက်ဆောင်ဘူးကို ဖခင်အားလှမ်းပေးကာ "ရော့ ဖေဖေ့အတွက်" ဟုပြောလိုက်သည်။ သူ့ဖခင်က ဖွင့်ကြည့်လျှင် ဘူးထဲ၌ဘာမှ မတွေ့ရပေ။ သို့သော် ကလေးမလေးက "ဖေဖေ အဲဒီထဲမှာ ချစ်ခြင်းမေတ္တာတွေ အပြည့်ပဲ" ဟုပြောလိုက်သည်။ သူ့ဖခင်က သူမကို အားရပါးရနမ်းရှုတ် လိုက်ပါသည်။ ကျွန်ုပ်အတွက် အမှန်ပင် ထိခိုက်ခံစားလိုက်ရသော အတွေ့အကြုံတစ်ခုပင်တည်း။

အလှတစ်ရားကိုဖန်တီးခြင်း။ ကန်စပ်တွင်ရှိစဉ်က ကျွန်ုပ်၏သမီးအငယ်ဆုံးလေးသည် နှစ်နှစ်သမီး မပြည့်တတ်ပြည့်တတ်ရှိပါလိမ့်ဦးမည်။ တစ်နေ့ လေတိုက်သောကြောင့် အိမ်ဝန်းကျင်တွင် လဲမှို့များဝဲပျံနေသည်ကို သူမတွေကလိုက်ရသည်။ ကျွန်ုပ်လည်းတွေ့မြင်မိသည်။ ပြတင်းပေါက်မှ ဝင်လာသော လဲမှို့များကို သူ့လက်ကလေးဖြင့် ရသလောက်ဖမ်းသုတ်ကာ ပြတင်းပေါက်မှပင် လေဖြင့်ပျံ၍လွင့်ထုတ် ကစားနေသည်။ ထို့နောက် ကျွန်ုပ်တို့ မိသားစုသည် အိမ်မှထွက်ကာ လွင့်ပျံနေသော လဲမှို့များကို သုံးလေအိမ်ကျော်ခန့်အထိ လက်နှင့်ဖမ်းလိုက်၊ လေနှင့်မှုတ်လိုက်ဖြင့် ကစားနေကြပါသည်။ ဤကစားနည်းသည် ပူပေါင်းများမှုတ်သည့် ကစားနည်းကဲ့သို့ သူမအတွက် မည်မျှပျော်စရာကောင်းမည်နည်းဟု ကျွန်ုပ်စဉ်းစားကြည့်မိသည်။ အိမ်နီးပါးချင်းများက မည်သို့ယူဆကြမည် မသိသော်လည်း ကျွန်ုပ်၏ သမီးငယ်လေး ဖန်တီးလိုက်သော အလှတစ်ရားသည် ကျွန်ုပ်တို့မိသားစုအား တစ်သက်တာ မမေ့နိုင်လောက်သည့်ပျော်ရွှင်ဖွယ် ဖြစ်ရပ်တစ်ခုပင်တည်း။

## စဉ်းစားဆင်ခြင်ခြင်း

**မေးခွန်းများမေးခြင်း။** လွန်ခဲ့သောနှစ်ပေါင်းများစွာက သူ၏ခြောက်နှစ်အရွယ်သမီးကလေး စင်ဒီ (Sindy) နှင့် စကားပြောခဲ့ရပုံအကြောင်းကို ဒေါက်တာ ဗစ်တာကော့ ထရဲလ် (Dr. Victor Cotterell) က ပြောပြခဲ့သည်။ စင်ဒီသည် "ဘာလဲ" "ဘယ်လိုလဲ" ဟူသောမေးခွန်းများကို ကျွမ်းကျင်စွာအသုံးပြုတတ်ကြောင်း သူမ၏မေးခွန်းများကို သူ့အမြင် သူ့ခံစားချက်ဖြင့် မဖြေဆိုနိုင်ခဲ့ကြောင်း သို့ရာတွင် အောက်ပါအချက်များကို သူမလေ့လာသိရှိနိုင်ရန် သူ၏မေးခွန်းများဖြင့် ကူညီပေးခဲ့ကြောင်း ပြောပြပါသည်။

စင်ဒီသည် ကားလမ်းပေါ်တွင် သူမ၏ပစ္စည်းများကို ပစ်ထားလေ့ရှိသဖြင့် ကားမောင်းရာတွင် ပြဿနာတက်လေ့ရှိသည်။ သူမအားထိုသို့မမေ့ထားရန် အကြိမ်ပေါင်းများစွာ ပြောသော်လည်း နားမဝင်ခဲ့ပေ။ ယခုလည်း ကားလမ်းပေါ်တွင် သူမ၏စက်ဘီးကို ပစ်ထားခဲ့ပြန်သည်။

ကျွန်ုပ်က သူမအခန်းထဲသို့သွားကာ သူမအား ပွေ့ဖတ်ပြီး စကားစမြည်ပြောကြသည်။ ငါးမိနစ်ဆယ်မိနစ်ခန့် ကြာသောအခါ သူမအား လမ်းလျှောက်ထွက်ရန် ပြော၍ကားလမ်းဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။ ကားလမ်းပေါ်ရောက်သောအခါ သူမက ရပ်လိုက်ပြီး ကားလမ်းပေါ်ကို ကြည့်လိုက်သည်။ ကျွန်ုပ်က "သမီးဘာတွေ့သလဲ" ဟုမေးလိုက်သည်။ ဤတွင် ထုံးစံအတိုင်း သူ့တို့အားအကျိုးအကြောင်း ရှင်းပြသည့်နည်းကို မသုံးတော့ပါ။

သူမက "သမီးရဲ့စက်ဘီးကိုတွေ့တယ်"

"ဟုတ်တယ် ဖေဖေ့ကားလည်း အဲဒီမှာရှိတယ်။ ကားတက်နင်းလိုက်ရင် သမီးစက်ဘီး ဘာဖြစ်သွားမလဲ"

"အို ဖေဖေတွေ့သွားလို့ ရတာဘဲ။ ဒါမှမဟုတ် နင်းမိသွားမှာပေါ့"

"ကဲ ဒီတော့ ဖေဖေ့စိတ်ထဲမှာ ဘယ်လိုနေမလဲ"

"ဒီလိုဖြစ်တာကို ဖေဖေမကြိုက်ဘူး"

"ဟုတ်တာပေါ့။ သမီးကောဘယ်လိုနေမလဲ" ကားလမ်းကိစ္စကို အဖြေရှာရန် ကျွန်ုပ်ကြိုးစားနေသည်။ ယခုအခါ အဖြေထုတ်ရန် အလွန်နီးစပ်နေပြီ။ သူမက ကျွန်ုပ်အားမော့ကြည့်လိုက်ပြီး "ဒီကားလမ်းကို ဖေဖေဘယ်လောက်ကြာကြာ သုံးသလဲ" ဟုမေးပါသည်။

"မနက်ခင်း ၁၅စက္ကန့် နောက်တစ်ခါ ညဘက် ၁၅စက္ကန့်ပေါ့" ဟုဖြေလိုက်ရင် နှုတ်ဆွံ့သွားမိပါသည်။ သူမက ဆက်၍ "သမီး

တို့ဒီကားလမ်းကို ဘယ်လောက်ကြာအောင် သုံးသလဲ။ သမီးသူငယ်ချင်းတွေနဲ့ ဘယ်လောက်ကြာအောင် သုံးသလဲဆိုတာ ဖေဖေသိသလား”

ကျွန်ုပ်စကားမဆက်နိုင်ပါ။

“သမီးတို့က ဒီကားလမ်းကို တစ်နေ့လုံးလုံး သုံးနေကြတာ။ ဖေဖေဘဲ သမီးတို့ကိုအပြင် ဘက်ကားလမ်းမှာ ကစားတာမကြိုက်ဘူးဆို”

“ဟုတ်တယ်လေ ဖေဖေမကြိုက်ဘူး”

“ဒါဆိုရင် ဒီနေရာဟာ သမီးတို့စကားဘို့ ဒီကားလမ်းဟာ အကောင်းဆုံးနေရာဘဲ”

ကလေးငယ်တစ်ဦး၏ မျက်လုံးများမှတစ်ဆင့် လောကကြီးကို ရှုမြင်လျှင် ကလေးငယ်များပြောသည်ကို အာရုံစူးစိုက်နားထောင်လျှင်သူတို့ပြောစကားကို နားလည်သဘောပေါက်အောင် ကြိုးစားအားထုတ်လျှင် ကျွန်ုပ်တို့ဉည် လောကကြီးကို ကျွန်ုပ်တို့ မြင်နေကျအနေအထားထက် ၁၀ဆမကပို၍ ရှင်းလင်းစွာ ရှုမြင်နိုင်ပေလိမ့်မည်။

## ကလေးဆန်လာခြင်း

### လူကြီးများ – သင်ကြား၍ရသောလူကြီးများနှင့် သင်ကြား၍မရသောသောလူကြီးများ

လူကြီးအားလုံး သင်ကြား၍ မရနိုင်ကြပါ။ ရှစ်နှစ်သားကလေးတစ်ဦးက “ရေချိုးခန်းမီး ပိတ်ဘို့ဖေဖေနဲ့မေမေ့ကို သင်ဘို့ကြိုးစားပေမဲ့ ရေချိုးခန်း မီးပိတ်ဘို့ သူတို့အမြဲတန်းမေ့တယ်” ဟူ၍ ပြောပါသည်။

သင်ကြား၍ မရသောလူကြီးများအဖြစ်မှ သင်ကြား၍ရသော လူကြီးများအဖြစ်သို့ ကျွန်ုပ်တို့မည်သို့ ပြောင်းလဲနိုင်သနည်း။ ပထမအချက်မှာ သတိထားမှုကို ပိုမိုအာရုံစိုက်ရန် ဖြစ်သည်။ ထိုအဖြစ်အပျက်ကို ဂရက် (Greg) ကအောက်ပါပြသနာဖြင့် ဖေါ်ပြပါသည်။

ကျွန်တော်၏ ညီအစ်ကိုတစ်ဝမ်းကွဲတွင် အန်း (Anne) ဟုခေါ်သော အလွန်ချစ်စရာကောင်းပြီး ဉာဏ်ထက်မြက်သည့် သမီးလေးတစ်ယောက် ရှိပါသည်။ သူမ၏ ညဏ်ထက်မြက်မှုနှင့် စွမ်းရည်တို့ကြောင့် လူတိုင်း၏သဘောကို သိမြင်နားလည်းတတ်ပါသည်။ တစ်ညနေ ကျွန်ုပ်တစ်နာရီခန့်နောက်ကျပြီး ပြေးရာမှပြန်လာခဲ့သည်။ အလွန်မောပန်းနွမ်းနယ်နေမိသည်။ ကျွန်ုပ်အခန်းထဲသို့ ဝင်မည့်ဆဲဆဲတွင် အန်းက ကျွန်ုပ်ကို မီလာသည်။ ထို့နောက် ကျွန်တော့်အား အခန်းထဲသို့ ဝင်ခွင့်မပေးပေ။ မိနစ် ၂၀ခန့်ကြာသောအခါ သူမအားအခန်းထဲသို့ ဝင်ခွင့်မပေးပေ။ မိနစ် ၂၀ခန့်ကြာသောအခါ သူမအားအခန်းထဲမှ ထွက်သွားရန်နှင့် ကျွန်တော့်အား နောက်ထပ်မနှောက်ယှက်ရန် ပြောလိုက်သည်။ သို့သော် ခဏကြာသောအခါ ပြန်လာပြီး အခန်းတံခါးကို ခေါင်းနှင့်ဆောင့်ကာ “သမီးတို့ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြသေးတယ် မဟုတ်လား အန်ကယ်” ဟုပြောလိုက်ပါသည်။ ယင်းကား ချွင်းချက်မရှိသော ချစ်ခြင်းမေတ္တာဟု ကျွန်ုပ်ဆိုချင်ပါသည်။ လောကကြီးက ကျွန်ုပ်အား ပင်ပန်းနွမ်းနယ်အောင် စေခိုင်းသောအခါတွင် ဘဝ၌အားပြုဆုပ်ကိုင်စရာ ကောက်ရိုးတစ်မျှင်ကား ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို ကျွန်တော့်အားသင်ကြားပေးလိုက်ခြင်း ဖြစ်ပါသည်။

**သိမ်မွေ့မှုကိုသင်ယူခြင်း။** သိမ်မွေ့မှုသည် အခြားသူတစ်ဦးအား နှစ်သိမ့်ရန်နှင့် ကာကွယ်မှုပေးရန် သတ္တိကိုရှာဖွေခြင်းပင်ဖြစ်သည်။

တစ်ခါသော် အိမ်နီးချင်း ခြောက်နှစ်သမီး ကလေးတစ်ဦး ကျွန်ုပ်တို့ထံသို့ လည်ပတ်ရန်လျှောက်လာသောအခါ ကျွန်ုပ်နှင့်ကျွန်ုပ်၏ နှစ်နှစ်သမီးကလေးကို ဆင်ဝင်အောက်တွင် အတူတကွထိုင်နေကြ ပါသည်။ ထိုစဉ်တါင် အိမ်ဘေးမှ ခွေးပွကလေးတစ်ကောင်ပြေးထွက်လာပြီး ကလေးမလေးကို မြင်သဖြင့် ရုတ်တရက် လန့်ဖျတ်သွားကာ ဟောင်ပါလေတော့သည်။ ကလေးမလေးကလည်း ခွေးကလေးကို ကြောက်ရွံ့တုန်လှုပ်လှသဖြင့် ကျွန်ုပ်တို့ထိုင်နေရာ ဆင်ဝင်ပေါ်သို့ ပြေးတက်လာပါသည်။ ခွေးသေးသေးကလေးကို ကြောက်ရကောင်းလားဟု ရယ်ချင်စိတ်ကို ကျွန်ုပ်မြိုသိပ်ထားရပါသည်။

သို့ရာတွင် ကျွန်ုပ်၏ နှစ်နှစ်သမီးကလေးက ရုတ်တရက် ခုန်ထလိုက်ကာ “ဟေ့ သွားစမ်း” ဟုအော်ဟစ် မောင်းထုတ်လိုက်ကာကလေးမလေး၏ လက်ကိုဆွဲပြီး ကျောကလေးကို ပွတ်ပေးပါသည်။ ထူးဆန်းသည်မှာ ကျွန်ုပ်၏ သမီးငယ်လေးသည်လည်း ခွေးကိုကြောက်တတ်သည်ပင် ဖြစ်သည်။ ဤတွင် တစ်ဦးတစ်ယောက်၏ ခံစားချက်ကို နားလည်သဘောပေါက်ပြီး နှစ်သိမ့်အားပေးခြင်းသည် မည်မျှအရေးကြီးကြောင်း ကျွန်ုပ်၏နှစ်နှစ်သမီးလေးက သူမ၏အကြောက်တရားကို ဖယ်ရှား၍ သူတစ်ပါး၏အကြောက်တရားကို လျော့ပါးအောင် သတ္တိရှိရှိ စွမ်းဆောင်နိုင်ကြောင်းတို့ကို သင်ယူခဲ့မိပါသည်။ ကျွန်ုပ်ကိုယ်တိုင် အတွင်းစိတ်ထဲရှိ စိတ်ဓါတ်ထက် ကျွန်ုပ်၏နှစ်နှစ်သမီးကလေးက ပို၍စိတ်ဓါတ်မြင့်မားနေကြောင်း ခံစားသိရှိလိုက်ရပါသည်။ ထို့ပြင် ကလေးငယ်တစ်ဦး ကြောက်ရွံ့ထိတ်လန့်သည်ကိုမြင်သည့်အခါတိုင်း လှောင်ပြောင်ရယ်မောမှု မပြုဘဲနှစ်သိမ့်အားပေးရမည်ကိုလည်း သင်ခန်းစာရရှိလိုက်ပါသည်။

## ကလေးဆန်သောလူကြီး

### ကလေးဆန်သော ရှုံးသားပွင့်လင်းလာစေရေးအတွက် အကြံပြုချက်အချို့

- ကလေးဆန်ဆန် ပွင့်လင်းရိုးသားလိုစိတ် ရှိမရှိသင့်ကိုယ်သင် ကြားအောင်မေးပါ။
- ကလေးများနှင့် ဆက်သွယ်ပါ။
- ကလေးဆန်ဆေသာ အလုပ်များကြိုးစားပြုလုပ်ကြည့်ပါ။
- သီချင်းဆိုပါ။ ကပါ။
- ထိတွေကခြင်း၊ ပွေ့ဖက်ခြင်း၊ နမ်းရှုံ့ခြင်းတို့ဖြင့် ချစ်ခြင်းမေတ္တာကို ပြသပါ။ တစ်ပါးသူအားပေးပါ။
- ပျော်ရွှင်မှု၊ ဝမ်းမြောက်မှု၊ ရယ်မောမှု ဖြစ်စေသည့် လှုပ်ရှားမှုများကို အသုံးပြုပါ။
- သင်၏ စိတ်အစဉ်နိုးကြားနေရန် သတိရှိပါ။
- တက်ကြွသောသူများသည် ပို၍ကလေးဆန်စွာ ပွင့်လင်းရိုးသားကြသည်။ သူတို့သည် အဆက်မပြတ် လှုပ်ရှားဆောင်ရွက်တတ်ကြသောကြောင့် တီထွင်ဖန်တီးဉာဏ် ရှိကြသူများ ဖြစ်ကြသည်။

အောက်ပါကလေးတစ်ဦး သို့မဟုတ် ကလေးဆန်သော လူကြီးတစ်ဦး၏ နမူနာများကို လိုက်နာပါ။ လူကြီးများမရှိရဟု ကန့်သတ်ထားသောအခါတွင် ကလေးဆန်မှုသည် ပို၍ပေါ်လွင်လာတတ်ပါသည်။ ယင်းဖြစ်စဉ်ကို အောက်ပါအခြေအနေများတွင် ကျွန်ုပ်တို့အကောင်းဆုံး ဆောင်ရွက်နိုင်ကြပါသည်။

- ကလေးများနှင့်အတူ ရှိနေသောအခါ
- ကလေးဆန်သော လူကြီးများ ကျွန်ုပ်တို့ဝန်းကျင်တွင် ရှိနေပြီး ကျွန်ုပ်တို့ကို လှုံ့ဆော်လွှမ်းမိုးသောအခါ
- တီထွင်ဖန်တီးစိတ် ဖြစ်ပေါ်သောအခါ
- ဖိစီးမှုများမရှိဘဲ ကျွန်ုပ်တို့ကိုယ်တိုင် စိတ်လက်ပေါ့ပါး ပျော်ရွှင်နေသောအခါ

ကလေးများနှင့် အချိန်ဖြုန်းရာတွင် အရေးကြီးသော အချက်မှာ ကလေးများအား စူးစမ်းလေ့လာသူတစ်ဦးအဖြစ် ရပ်တည်မနေဘဲကလေးများနှင့်အတူ ပါဝင်ဆောင်ရွက်ရန် ဖြစ်သည်။

ကလေးများအား ကျွမ်းကျင်သောဆရာများအဖြစ် သင်ကိုယ်တိုင်ရှုမြင်၍ သူတို့ပြောဆိုသည်ကို နားထောင်လျှင် သူတို့ထံမှ သင်ယူမှု ဖြစ်ပေါ်လာနိုင်ပါသည်။